ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ သောကြာနေ့၊ (11-1-2008) (၅၅၅၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

နေပြည်တော်　ဇန်နဝါရီ　၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလတန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့၏ ဖိတ်ကြားချက်များအရ မကြာမီကာလအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန်　ဇန်နဝါရီ　၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီနှင့် အဖွဲ့ဝင်များ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ သတင်းအညွှန်း

မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက် — စာမျက်နှာ–၃

ပါကစ္စတန်၊ ကင်ညာ၊ လက်ဘနွန်၊ အီရတ်နှင့် အစ္စရေး–ပါလက်စတိုင်း သတင်းများ — စာမျက်နှာ–၅

နိုင်ငံတကာ အားကစားသတင်းများ — စာမျက်နှာ–၆

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ နှစ်(၅၀)ပြည့်ရွှေရတု မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်　ဇန်နဝါရီ　၁၀

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတွင် နှစ်စဉ်ကျင်းပသော မဟာသင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ် ဧပြီလ၌ နှစ်(၅၀) ပြည့်မြောက်ပြီဖြစ်သဖြင့် နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ဂေါက်သီးရိုက်အသင်းများအား ဖိတ်ခေါ်ဖလားပြိုင်ပွဲဖြစ်သည့်အလျောက် ပြိုင်ပွဲကို မူလရိုးရာမပျက် ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ပြိုင်ပွဲကျင်းပရေးကော်မတီ၏ စည်းရုံးမှုဖြင့် KM Golf Center (ကောင်းမြတ် ကုမ္ပဏီ)မှ အဓိကပံ့ပိုးကူညီမည်ဖြစ်သည်။ ပံ့ပိုးကူညီလိုသူများ၊ အထူးဈေးရောင်းပွဲတော် ကျင်းပလိုသူများ၊ ကြော်ငြာလိုသူများ ရွှေဖလားပြိုင်ပွဲ အမှတ်တံဆိပ်နှင့်အတူ မိမိတို့၏ ကုမ္ပဏီကြော်ငြာများ ထည့်သွင်းထားသည့် အမှတ်တရပစ္စည်းများ ပြုလုပ်လိုသူများသည် ကောင်းမြတ်ကုမ္ပဏီ ဖုန်းနံပါတ် ၀၁–၂၀၂၀၈၁၊ ၀၂–၃၆၀၀၈နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ၀၈၅–၂၂၃၈၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၁-၁-၂၀၀၈ (သောကြာနေ့)

ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများသာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်ငွေ့အား ရှူရှိုက်မိသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ သွားနှင့်ခံတွင်း ကင်ဆာရောဂါတို့ကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူအမျိုးသား သန်းကိုးရာကျော်နှင့် အမျိုးသမီး သန်းနှစ်ရာကျော်ရှိပြီး နှစ်စဉ် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးသူ ငါးသန်းနီးပါးရှိကြောင်း သိရသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်တားဆီးရေးနှင့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင် ဖန်တီးနိုင်ရေး ကြိုးပမ်းနေကြပြီဖြစ်သည်။

ဆေးလိပ်ငွေ့ ရှူရှိုက်နေရသူ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးများ မွေးဖွားခြင်း၊ တစ်နှစ်အောက် ကလေးငယ်များ ရုတ်တရက်သေဆုံးခြင်းများ ဖြစ်တတ်သည်။ ထို့အတူ ဆေးလိပ်သောက်သူ မိဘတို့ထံမှ ဆေးလိပ်ငွေ့ကို ရှူရှိုက်နေကြရသူ ရင်သွေးငယ်များသည်လည်း ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါနှင့် အဆုတ်ရောဂါတို့ ဖြစ်စေသည်။

ယင်းသို့ သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ရောဂါအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းဥပဒေအရ လူအများ ဝင်ထွက်သွားလာသည့် ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဘူတာရုံ၊ လေဆိပ်နှင့် သင်္ဘောဆိပ်စသည့် အဆောက်အအုံတို့သည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်၍ အဆိုပါနေရာများ၌ ဆေးလိပ်မသောက်စေရေးအတွက် တားဆီးသွားကြရမည်ဖြစ်သည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ဆေးတံသောက်ဆေးစသည့် ဆေးရွက်ကြီးကိုအခြေခံ၍ ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ကိုယ်တိုင်သောက်သုံးနေသူရော ဆေးလိပ်ငွေ့ ရှူနေရသူများပါ အန္တရာယ်ရှိသည်။ လူတိုင်း လူတိုင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုအန္တရာယ်ကို သိမြင်ရှောင်ကြဉ်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်း ရောဂါကင်းသည့် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီး ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်နိုင်ငံမှ ရေစုပ်စက်အစုံ ၂၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ရေစုပ်စက်အစုံ ၂၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာ လမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tang Hai က အမှာစကား ပြောကြားကာ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေစုပ်စက်အစုံ ၂၀ နှင့် စပ်လျဉ်းသည့် လွှဲပြောင်းလက်မှတ်ရေးထိုးမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tang Hai နှင့် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်တို့ကလွှဲပြောင်းမှတ်တမ်းတွင်လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းများကို အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ ရေစုပ်စက်များကို ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ ကေတစ်သောင်း အကျိုးပြုသည့် မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ၁၁ စုံ၊ မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ ကေငါးထောင် အကျိုးပြုသည့် ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ခုနစ်စုံနှင့် မကွေးတိုင်း ရေစကြိုမြို့နယ်ရှိ ကေသုံးထောင် အကျိုးပြုသည့် မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ နှစ်စုံ လွှဲပြောင်းတပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဧည့်သည်တော်များ တရုတ်ပြည်သူ့ သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့် ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (လယ်/ဆည်)

မြိတ်မြို့ အထက(၂) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်း မြိတ်မြို့ အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြရန်နှင့် အလှူငွေများကို ဦးမောင်လှ (ရန်ကုန်မြို့) ဖုန်း-၀၁-၅၁၄၉၆၉၊ ၅၃၇၈၁၂၊ ၀၉၅၁-၀၃၄၉၃၊ ဦးရဲဆွေ (ရန်ကုန်မြို့) ဖုန်း-၀၁-၅၁၈၄၃၀၊ ၀၉၉၉ ၂၁၀၉၄၊ ဒေါက်တာဦးမြင့်သိန်း (ရွှေဟင်္သာရပ်၊ ကော့သောင်းမြို့) ဖုန်း-၀၅၉-၅၁၇၃၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သနပ်ပင်အထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း သနပ်ပင်မြို့အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆက်တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူသစ်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးဖုန်းမြင့်နိုင် ဖုန်း-၀၁-၅၄၁၈၁၀၊ဦးဝင်းကြည် ဖုန်း-၀၁-၆၀၀၉၈၈၊ ၀၉-၈၀-၂၄၄၈၀၊ ဦးကျော်ညွန့် ဖုန်း-၀၅၂-၄၆၁၇၁၊ ဦးကျော်စိုးမင်း ဖုန်း-၀၅၂-၄၆၀၂၆၊ ဦးရဲဝင်းနိုင် ဖုန်း-၀၉-၅၀ ၃၂၉၈၂၊ ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃၊ ဒေါ်ဝင်းသိန်း ဖုန်း-၀၅၂-၄၆၁၄၁၊ ဒေါ်ညိုညိုရီ ဖုန်း-၀၅၂-၄၆၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဇနီးဒေါ်သိန်းသိန်း ငါးနှစ်ပြည့်၊ အဘွားဒေါ်လှ၊ ဖခင်ဦးကြည်၊ မိခင်ဒေါ်အေးရင်၊ အဒေါ် ဒေါ်လှတင်နှင့် ဇနီးဒေါ်သိန်းသိန်းတို့အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကိုးမိုင် ရတနာပုံလမ်းနေ ဦးလှမောင်နှင့် သား၊ သမီး၊ မြေးမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်း ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်သုဝဏ္ဏာလင်္ကာရ(ဘုံဘော) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ခရမ်းမြို့ ကံသာကျောင်းတိုက်၌ ခုနစ်ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ (၁)ရပ်ကွက် ကံသာကျောင်းတိုက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကံသာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိက ဦးစီးလျက် ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ နန္ဒသာရနှင့် ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း မဟာသဒ္ဓမ္မကထိက ဆရာကြီးဦးကျော်နိုင်(မန္တလေး)တို့က ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်မည့် ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လိုသူများသည် အကျိုးဆောင်အဖွဲ့ ဖုန်း-၀၁-၃၉၀၁၃၀ သို့လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က အမက(၇)တာမွေ၏၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြို့နယ်ဘက်စုံထူးချွန် ပထမဆုအပါအဝင် ထူးချွန်ဆုများရရှိသော စတုတ္ထတန်းကျောင်းသူ မကေခိုင်အား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဥက္ကံမြို့မ လူမှုရေးအသင်း ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဘွဲ့တံဆိပ်ရ ဂုဏ်ပြုပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ဥက္ကံမြို့မလူမှုရေးအသင်း(ရန်ကုန်မြို့)၏နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီခွဲတွင် မြေနီကုန်းပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်ဝင်လို သူများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များ တက်ရောက်အပူဇော်ခံရန် ဖိတ်ကြားထားသည်။

နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့တံဆိပ်ရ ဥက္ကံမြို့နယ်သူ၊နယ်သားများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင် သား၊ သမီးများသည် ဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း-၅၂၆၅၆၆နှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇ တို့ထံ ကိုယ်တင်စာရင်းပေးပို့ပြီး တက်ရောက်ကြရန် နှိုးဆော်ထားသည်။(က-ပ)

ဇန်နဝါရီ ၃ ရက်က ကျင်းပသည့် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောက်တံတားမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်ဘက်စုံထူးချွန် ပထမဆုရရှိသော တတိယတန်းမှ မောင်အေးမင်းဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လွမ် ဆုချီးမြှင့်စဉ်။ (က-ပ)

✪ **ရှေ့ဖုံးမှ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီက ၎င်းတို့အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကိစ္စများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်း အပြည့်အဝထောက်ခံပါကြောင်း၊ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအသင်းများအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ကတိပြုပါကြောင်းဖြင့် ပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးဉာဏ်ထွန်းအောင်၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပညာရှိသည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမတတ်၏

✧ လယ်လုပ်ယောကျ်ားတို့သည် ရေကို မိမိလိုရာအရပ်သို့ရောက်အောင် သွယ်ယူကြကုန်၏။
✧ ကျွမ်းကျင်သောလေးသမားတို့သည် မြားကို ကောင်းစွာဖြောင့်တတ်ကြကုန်၏။
✧ ကျွမ်းကျင်သောလက်သမားတို့သည် သစ်ကို မိမိတို့အလိုရှိတိုင်းရအောင် ရွေတတ်ကြကုန်၏။
✧ ပညာရှိတို့သည် မိမိကိုယ်ကိုမိမိ ယဉ်ကျေးအောင် ဆုံးမတတ်ကြကုန်၏။

(ဓမ္မပဒ ၈၀)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာ(တာမွေလေး၊ သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ (၃)နှစ်မြောက် နှစ်ပတ်လည်နှင့် ဆရာဝန်များ၏ မိတ်ဆုံပွဲ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေ)နေ့ နံနက် ၉နာရီတွင် ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ဖြစ်ဆေးခန်း၏ အစီအစဉ်ဖြင့် နေ့စဉ်ရပ်ကွက်အတွင်း ကွင်းဆင်းကုသခြင်း၌ ပါဝင်ဆောင်ရွက်ကြသော ဆရာဝန် ၃၀ နှင့် မွန်းလွဲပိုင်းတွင် ကုသိုလ်ဖြစ်ဆေးခန်း၌ ဆောင်ရွက်ကြသော ဆရာဝန် ၂၅ ဦးတို့အား ဂုဏ်ပြုမည်ဖြစ်သည်။ သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ သွားကုသိုလ်ဖြစ် ကုသခြင်းနှင့် အပ်စိုက် အထူးကုဆရာဝန်များ၏ လက်တွေ့ကုသခြင်း၊ အထွေထွေကုသခြင်းများကို ရုပ်မြင်သံကြား ရိုက်ကူးမှတ်တမ်းတင်မည်ဖြစ်သည်။

ကုသိုလ်ဖြစ်ဆေးခန်းအတွက် လိုအပ်သော ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း ပုလဲရတု အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ)သန့်ရှင်းရေးအသင်း၏ ဩဝါဒါစရိယ ဆရာတော် ဆူးခါးပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတအရှင်သူမြတ်အား ၄-၁-၂၀၀၈ရက်တွင် နိုင်ငံတော်မှ "ဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ ဆရာတော်၏ သက်တော်(၇၇)နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲ၊ တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း တည်ထောင်ခြင်း နှစ်(၃၀)ပြည့် ပုလဲရတုအခမ်းအနား၊ ပထမအကြိမ်သက်ကြီး ပူဇော်ပွဲအခမ်းအနားတို့ကို ၁၂-၂-၂၀၀၈(ပြည်ထောင်စုနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဆူးခါးပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား အသစ်၊ အဟောင်းများအား အကြောင်းကြားထားသည်။ အသက်(၆၀)နှစ်နှင့်အထက် အသင်းဝင်များ ဦးအိုက်စိမ်း(အတွင်းရေးမှူး) ဖုန်း-၆၈၀၄၅၇၊ ဦးစိန်ဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၀-၁၅၉၄၂၊ ဦးသန်းဝင်းရှိန်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉၅၁-၄၉၇၂၁၊ ဦးစိုးနိုင်(အမှုဆောင်) ဖုန်း-၀၉၅၂-၀၀၆၉၆ တို့သို့ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပထမဆုရ သားကောင်းမိခင်များနှင့် ကလေးများအား ဆုများ ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တိုင်း၊ ခရိုင်မှ တာဝန်ရှိသူများက ပြိုင်ပွဲဆုရ သားကောင်းမိခင်များနှင့် ကလေးများအား ဆုများ အသီးသီးပေးအပ်ကြသည်။ (၅၀၆)

ရှင် ၂၀၀၀ ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော ရှင်အပါး ၂၀၀၀ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကို ၂၀၀၇ ခုနှစ် မတ် ၃၁ရက်က မကွေးတိုင်း ချောက်မြို့နယ်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတို့တွင် ကျင်းပခဲ့သည့် အထိမ်းအမှတ်အဖြစ် "ရှင် ၂၀၀၀ ဓာတ်ပုံပြိုင်ပွဲ"ကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဝါရင့်ဓာတ်ပုံပညာရှင် အကဲဖြတ်လူကြီးများက ယမန်နေ့ နံနက် ၁၀နာရီက အမှတ်ပေးရွေးချယ်ပေးခဲ့သည်။

အဆိုပါ ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆုကို ဦးမြင့်အောင်(အိုင်တီစတား)၊ ဒုတိယ လင်းလင်းအောင်(ပုဂံ)၊ တတိယ ကိုဇော်မိုး(ထက်ရှိုင်း)၊ နှစ်သိမ့်ဆု(၁) ဦးမြင့်အောင်၊ (၂)ပုဂံမင်းမင်းဦး၊ (၃) ကိုဇော်မိုး(ထက်ရှိုင်း)၊ (၄)ပုဂံမင်းမင်းဦး၊ (၅)သောင်းဝင်းဗိုလ်တို့က အသီးသီး ဆွတ်ခူးရရှိကြသည်။ ဆုများကို မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သတိပေးနှိုးဆော်ချက်

ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သည့်ယာဉ်များသည် ယာယီမှတ်ပုံတင်သက်တမ်းကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်ခြင်း လုပ်ငန်းအား ပြီးစီးအောင်ဆောင်ရွက်ရန်၊ ယာယီနံပါတ်ပြားပေါ်တွင် ကုန်ဆုံးသည့်နေ့ရက်အား ရေးသားထားရှိရန်နှင့် ယာယီမှတ်ပုံတင်သက်တမ်း ကျော်လွန်ပြီး အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် လုံးဝမောင်းနှင်ခြင်းမပြုရန်၊ ဖော်ပြပါအချက်များအား ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင် တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Magnesia Tablet (Magnesium Hydrochloride 300 mg)	Charoen Bhaesaj Laboratories.	Thailand
၂။	Dexawin Tablet (Dexamethasone 500mcg)	Liwinnener Pharmaceuticals Ltd.	Thailand
၃။	White Monkey Balm	Monkey Holding Peach Brand	Thailand
၄။	Lin Chee Tan Rheumatism Pills	Kang Chew Drug Works	ဖော်ပြထားခြင်း မရှိပါ။
၅။	Injectio Gentamycini Sulfatis	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	ဖော်ပြထားခြင်း မရှိပါ။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စာပေလောကသားတို့အတွက် သမိုင်းပေးတာဝန်

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)

စာကောင်းပေမွန်ဟူသည်ကား ပြည်သူကိုအကျိုးပြုသော စာပေ၊ ပြည်သူတို့ကို အသိပညာဗဟုသုတပေးစွမ်းသော စာပေ၊ ပြည်သူကိုအလုပ်အကျွေးပြုသော စာပေမျိုးဖြစ်ပါသည်။ စာပေကို အကြမ်းအားဖြင့် သုတစာပေ၊ ရသစာပေ၊ သုတရသစာပေဟူ၍ သုံးမျိုးသုံးစား ခွဲခြားနိုင်၏။ စာပေတည်းဟူသော တန်ဆောင်ဆီမီး ထွန်းလင်းတောက်ပမှသာ တိုင်းပြည်နှင့်လူမျိုးသည် ကမ္ဘာ့အလယ်၌ တင့်တယ်ထည်ဝါမည် ဖြစ်ပါသည်။ သုတစာပေသည် ဦးနှောက်ကိုသာ လှုပ်ခတ်ပြီး ရသစာပေမှာမူ နှလုံးသားကို ရိုက်ခတ်၍ ဦးနှောက်တွင် စွဲမြဲသော အသိအမြင်အတွေးကို တည်စေနိုင်၏။ စာပေစွမ်းပကားသည် လောကတစ်ခွင် အလှဆင်နိုင်သော အရာဖြစ်ပါသည်။ အမှောင်ခွင်း အလင်းဆောင်နိုင်သော စွမ်းရည်သတ္တိ အပြည့်အဝရှိ၏။

စာပေလောကသားများသည် စိတ်ကောင်း၊ နှလုံးကောင်း၊ စေတနာမှန်ဖြင့်ပြည်သူ့အကျိုးပြုစာပေများရေးသားသင့်ပါသည်။ ပြည်သူလူထုအား အသိပညာ အထွေထွေဗဟုသုတ၊ သင်ခန်းစာပေးသည့် စာပေများ ရေးသားကြရန် လိုအပ်ပါ၏။ စာပေသည် စိတ်အာဟာရ တစ်ပါးဖြစ်သည်။

စာပေကောင်းဟူသည် စာရေးသူ၏ စိတ်စေတနာကို ထင်ဟပ်သော စာမျိုးဖြစ်၏။ တစ်ဦးတစ်ယောက်သည် စာကောင်းပေမွန်ကို ဖတ်ရလျှင် ပတ်ဝန်းကျင်ကိုလည်း သတိပြုလာနိုင်သည်။ လောဘထွက်သူသည် မိမိလောဘထွက်သည်ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသထွက်သည်ကိုသတိပြုမိလျှင်၊ မာနတက်သူသည် မိမိမာနတက်သည်ကို သတိပြုမိလျှင် ဆင်ခြင်တတ်လာ၍ လောဘ၊ ဒေါသ၊ မာနတို့၏ ပူလောင်မှုမှ သက်သာရာ ရနိုင်ပေ၏။ အလိမ္မာဟူသည် စာပေ၌ရှိပါသည်။ သို့သော် **စာပေထဲ၌ရှိသော အလိမ္မာတရားများကို ဖတ်ရုံသက်သက်ဖြင့် မခံစားနိုင်၊ မရနိုင်ပါ။ စာပေကပေးသည့် ဘဝအလိမ္မာ၊ ဘဝအသိကို အခြေခံ၍ လက်တွေ့ဘဝတွင် ဘဝအကျိုးစီးပွားအတွက် အသုံးပြုရန် အထူးလိုအပ်လှပေသည်။**

မြန်မာနိုင်ငံ၏ မြန်မာစာပေသမိုင်းကို ပြန်ပြောင်းလှေ့လာ သုံးသပ်ကြည့်ပါလျှင် ပုဂံခေတ်မှစတင် တွေ့မြင်နိုင်၏။ ပုဂံခေတ်တွင် ကျောက်စာ၊ မြကန်လင်္ကာ၊ ပင်းယခေတ်တွင် တျာချင်း၊ ကာချင်းနှင့် ရတု အရေးအသားများ၊ အင်းဝခေတ်တွင် ဧချင်း၊ စစ်ချီရတု၊ မော်ကွန်း၊ တောလား၊ ပျို့၊ ဝတ္ထု၊ ရာဇဝင်ကျော်၊ လင်္ကာကြီး စသည့် စာပေများ ပေါ်ထွက်ခဲ့ပါသည်။ အင်းဝခေတ်တစ်ခေတ်လုံးကို ခြုံ၍ ကြည့်မည်ဆိုသော် ပျို့နှင့် မော်ကွန်းသည် အတွင်ကျယ်ဆုံးဟုဆိုနိုင်၏။ တောင်ငူခေတ်တွင် ဧချင်း၊ ရတု၊ အရေးတော်ပုံကျမ်း၊ လျှောက်ထုံး၊ ဖြတ်ထုံး၊ အန်ချင်း၊ သာချင်းများ ပေါ်ထွက်ခဲ့၍ ရတုနှင့် ဧချင်းအထွန်းကားဆုံးခေတ် ဖြစ်ပါသည်။

ညောင်ရမ်းခေတ်တွင် စကားပြေဝတ္ထု မဟာရာဇဝင်ကြီး၊ ပျို့၊ ပြဇာတ်၊ ဂီတသီချင်းများ၊ လူးတားတို့ ပေါ်ထွန်းခဲ့ပြီး ဝတ္ထုစကားပြေများနှင့် ပြဇာတ်များ တွင်ကျယ်ခဲ့၏။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် သတ်ပုံကျမ်း၊ ပိုဒ်စုံရတုများ၊ ပျို့များ၊ ဓမ္မသတ်ကျမ်းများ၊ အရေးတော်ပုံကျမ်းများ၊ ရကန်လေးဆစ်ကဗျာ၊ တေးထပ်၊ နန်းတွင်းဇာတ်ဝတ္ထုစသည်တို့ ပေါ်ပေါက်ခဲ့သည်ကိုတွေ့ရပါသည်။

ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ပျို့များ၊ ရာမရကန်၊ လူးတား၊ အဲချင်း၊ မေတ္တာစာများ၊ ဝက်မစွပ်နဝဒေးကြီး၏ မော်ကွန်းများ၊ ဦးအောင်ဖြိုး၏သာချင်းများ၊ မုံရွေးဆရာတော်၏ပျို့များ၊ ရာဇဝင်သံပေါက်လင်္ကာများ၊ မြဝတီမင်းကြီးဦးစ၏ ပတ်ပျိုးယိုးဒယားသီချင်းများ၊ သဖြန်၊ လေးဆစ်၊ ဒွံးချင်းများ၊ မှာတမ်း၊ ပြဇာတ်၊ ဘောလယ်၊ ဦးပုည၏ မေတ္တာစာများ၊ အိုင်ချင်း၊ မဃဒေဝလင်္ကာသစ်၊ လယ်တီဆရာတော်၏ ဒေသနာကျမ်းများ၊ ဒီပနီကျမ်းများ၊ ကင်းဝန်မင်းကြီး၏ ခရီးသွားမှတ်တမ်းများ ပေါ်ထွက်ခဲ့၏။ထိုခေတ်ကို ဂီတသဘင်ထွန်းကားသောခေတ်ဟု ဆိုနိုင်သည်။

စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာအခြေခံအမြင့်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်နှင့် တူညီ၏။ **"စာပေအစ ဘာသာစကားက"**ဟူသည့် ဆိုရိုးစကားရှိသည်။ တစ်နည်းအားဖြင့် စာပေသည် လူမျိုး၏ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါသည်။

မြန်မာစာပေသည် ဘုရားဟောကျမ်းဂန် အဘိဓမ္မာဒေသနာတော်လာ သဘောတရားများ အမြောက်အမြား ပါဝင်သဖြင့် အလွန်နက်နဲသိမ်မွေ့ပြီး နက်ရှိုင်းကျယ်ပြန့်လှ၏။ အနှစ်သာရလည်း လေးနက်ပြည့်ဝပါသည်။ စာပေပုံစံ အသွင်သဏ္ဍာန်အားဖြင့် ခွန်းထောက်၊ သဖြန်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ကဗျာလင်္ကာ၊ မော်ကွန်း၊ ဧချင်း၊ အိုင်ချင်း၊ တျာချင်း၊ ကာချင်း၊ သာချင်း၊ လွမ်းချင်း၊ ပျို့၊ ရတု၊ ရကန်၊ တေးထပ်၊ အဲချင်း၊ အန်ချင်း၊ လူးတား၊ တောလား၊ စည်တော်သံ၊ လှေတော်သံ၊ သံချို၊ နတ်သံ၊ ရာဇဝင်၊ နက္ခတ်ဗေဒင်၊ ဆေးကျမ်းစသည်ဖြင့်ရှိပါသည်။ ထို့ပြင် ဂီတဘက်တွင်လည်း ဗြောသံ၊ ဗုံကြီးသံ၊ သျှိုးလိုက်ရတု၊ မောင်းထောင်းတေးသံ၊ ကောက်စိုက်မသီချင်း၊ ပတ်ပျိုးသီချင်းကြီး သီချင်းခန့်၊ ယိုးဒယားသံဆန်း၊ ဘောလယ်၊ သံချပ်၊ ဒိုးပတ်စသည်တို့သည်လည်း ပါဝင်ကြ၏။

ယင်းတို့သည် မြန်မာစာပေတည်းဟူသော ပင်စည်ကြီး၏ အကိုင်းအခက်များ ဖြစ်ကြပါသည်။ မြန်မာစာပေ ရှင်သန်တိုးတက် ဖြစ်ထွန်းမှုပင်မ ရေစီးကြောင်းကို အမှုကိုသရိုက်ကင်းစင်စွာ အားကောင်းမောင်းသန် အရှိန်အဟုန်ဖြင့် စီးဆင်းနေစေရန် စာပေပညာရှင်များ၊ စာဆိုများ၊ စာပေဝါသနာရှင် အားလုံးက အမျိုးသားရေး စိတ်ဓာတ်နှင့် ယှဉ်၍ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူတိုင်းသည် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင် ပေးကြရမည် ဖြစ်ပါသည်။

စာပေလောကသားများ၏ လက်ငင်းတာဝန်တစ်ရပ်မှာ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ကိုယ်ပိုင်လမ်းစဉ်ဖြင့် အနာဂတ်ခရီးဆက်နိုင်ရေးအတွက် ကလောင်လက်နက်ဖြင့် လမ်းပြပေးခြင်းပင်ဖြစ်၏။ မျက်မှောက်ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု၊ တိုင်းတစ်ပါးလူနေမှုစနစ်များ မီဒီယာများမှ တစ်ဆင့် ဖွတ်အတင်းသွတ်သွင်းလာမှုများကို ဟန့်တားချေဖျက်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက် မြင့်မားလာစေရအောင် အမျိုးသား စာပေဖြင့် ပြုပြင်မြှင့်တင်ပေးရမည် ဖြစ်သည်။

စာပေသည် နိုင်ငံနှင့်လူမျိုးတိုင်းအတွက်အရေးပါသည့်နယ်ပယ်ကြီးတစ်ခုဖြစ်သည့်အပြင် အမျိုးသားယဉ်ကျေးမှု၊ အနုပညာရပ်များ ဖြာထွက်ရာပင်စည်ကြီးဖြစ်သည်ဟု ဆိုနိုင်၏။ စာပေလောကသည် အမျိုးသားနှုန်းစံ၊ အမျိုးသားယဉ်ကျေးမှုတို့ ပုံရိပ်ထင်ရာ ကြေးမုံပြင်ကြီး သဖွယ်ဖြစ်၏။ မြန်မာစာပေလောကသည် အနှစ်သာရများဖြင့် အစဉ် အလာကောင်းများ ရှိပြီးသား ဖြစ်ပေသည်။ ယင်းတို့မှာ ရေးသားဖွဲ့ဆိုမှု အစဉ်အလာ၊ အသိအလိမ္မာပေးပြီး စည်းရုံးပညာပေးနိုင်သည့် အစဉ်အလာနှင့် တိုင်းကျိုးပြည်ပြု အစဉ်အလာတို့ ဖြစ်ကြပါသည်။

မျက်မှောက်ကာလ စာပေပညာရှင်များနှင့် စာပေမျိုးဆက်သစ်တို့သည် ဤအစဉ်အလာများကို ထိန်းသိမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နေမှု လမ်းကြောင်းတွင် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ စာပေတာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ပါ၏။

စာပေနှင့်လူမျိုးသည် ရေကန်နှင့်ကြာပန်းကဲ့သို့ တူညီပါ၏။ ရေမြင့်က ကြာတင့်မည်ဖြစ်သည်။ စာပေအဆင့်အတန်းမြင့်မားလျှင် လူမျိုး၏ ဂုဏ်ပုဒ်၊ ဂုဏ်သိက္ခာတင့်တယ်ထည်ဝါမည်မှာကေန်မလွဲပင်။ စာကောင်းပေမွန်တည်းဟူသော မီးရှူးတန်ဆောင်ဖြင့် နိုင်ငံနှင့်လူမျိုးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေနိုင်ပေသည်။

သို့ဖြစ်၍ စာပေလောကသားအားလုံးသည် **"စာပေထက်မြက် နိုင်ငံအတွက်"**ဟူသည့် ဆောင်ပုဒ်ကိုလက်ကိုင်ပြုသင့်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး တည်တံ့ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်၏။ စာပေကို သွက်လက် ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကိုဖော်ဆောင်ပေးကြရန်လိုအပ်ပါသည်။

စာကောင်းပေမွန်များကသာ အမျိုးသားရေး ကိုယ်ခံစွမ်းအား ပြည့်ဝစေမည် ဖြစ်၏။ အမျိုးသားရေး ကိုယ်ခံစွမ်းအား ချို့တဲ့လျှင် လူမျိုးနှင့်စာပေမှာလည်း တဖြည်းဖြည်း မသိမသာ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်ပါသည်။

သို့ဖြစ်ရကား စာပေလောကသားအားလုံးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် ဖော်ဆောင်မှုအရပ်ရပ် အောင်မြင်စေရန်အတွက် ပြည်သူများအသိအမြင် ပွင့်လင်းနိုးကြား ထက်သန်စေရအောင် စာပေစွမ်းပကားဖြင့် စည်းရုံးစေ့ဆော်ပေးကြရေးမှာ သမိုင်းပေး တာဝန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။ ။

အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး တည်တံ့ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်၏။ စာပေကို သွက်လက်ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်ပေးကြရန် လိုအပ်ပါသည်။

ပုဇွန်တောင်မြို့နယ် ဂီတစည်းရုံးရေးကော်မတီမှ ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်တွင် YMBA ခန်းမ၌ကျင်းပရာ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။ (ကာ–ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁–၁–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၄။ မဟာဂီတချိုကြည်မြ
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၁။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ဒီလှိုင်းနှင့်အတူ (အပိုင်း–၈)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ စေညွှန်ရာလမ်းမများ –တက္ကစီမင်းနှင့်တစ္ဆေမလေး
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း–၂၂)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။



ဂျာမနီနိုင်ငံအနောက်ပိုင်း ရော့စတော့မြို့အနီး ကျင်းပသော အပြည်ပြည်ဆိုင်ရာ ရေခဲပန်းပုပြပွဲတွင် ပြသထားသည့် ပြကွက်တစ်ခုကို ဇန်နဝါရီ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးအတွက် ဆက်လက်တိုက်ခိုက်ရမည်ဟု အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၁၀

အစ္စရေးက ပါလက်စတိုင်းတို့နှင့် ညှိနှိုင်းဆွေးနွေးနေစဉ် ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဆန့်ကျင်ရေး လှုပ်ရှားမှု ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဇီပီလစ်ဗနီက တနင်္လာနေ့တွင် ပြောကြားသည်။

အကြမ်းဖက် တိုက်ဖျက်ရေးကဏ္ဍရှိ အခြေအနေ ပြောင်းလဲလာရေးအတွက် မိမိတို့ တစ်ပြိုင်တည်း ကြိုးပမ်းသွားရမည်ဖြစ်ပြီး ထိရောက်မှုရှိသည့် ပါလက်စတိုင်း အုပ်ချုပ်ရေးအဖွဲ့ ထူထောင်ရေးအတွက် ပါလက်စတိုင်းဘက်မှ ထိရောက်မှုရှိသော အဖွဲ့အစည်းများနှင့် လုံခြုံရေးအုပ်စုများ ဖွဲ့စည်းရန် လိုအပ်သည်ဟု လစ်ဗနီကို ကိုးကား၍ ဟာရက်ဇ်နေ့စဉ်သတင်းစာက ရေးသားသည်။

ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့စဉ်ရရှိထားသည့် သဘောတူညီချက်များကို လက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အစ္စရေးအနေဖြင့် နိုင်ငံတကာက ဝေဖန်နေလင့်ကစား လုံခြုံရေးအတွက် တိုက်ခိုက်ရန် လိုအပ်ကြောင်း ဝန်ကြီး လစ်ဗနီက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းခြေတို့တွင် စစ်ဆင်ရေး ဆောင်ရွက်နေမှုများကို တနင်္လာနေ့မှ စတင်လျှော့ပေါ့ လုပ်ဆောင်သွားမည်ဟု စာစောပိုင်းက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံရွေးကောက်ပွဲ ဆူပူအကြမ်းဖက်မှုကြောင့် ၆၀၀ ခန့်သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၁၀

ကင်ညာနိုင်ငံရေးပြဿနာ အဆုံးသတ်စေရေးအတွက် ဂါနာသမ္မတ ဂျွန်ကူဖောက ကမကထပြုကာ ဆွေးနွေးပွဲ ကျင်းပခဲ့သော်လည်း သဘောတူညီမှုမရဘဲ ပြီးဆုံးသွားကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကင်ညာနိုင်ငံရွေးကောက်ပွဲအပြီး ဆူပူမငြိမ်မသက်မှုများကြောင့် လူပေါင်း ၆၀၀ခန့် သေဆုံးခဲ့ရပြီဖြစ်သည်။ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၅၀၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

အင်တာနက်။

ကင်ညာနိုင်ငံ အနောက်ပိုင်း ဘရွန့်ဖောမြို့တွင် မငြိမ်မသက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ဝေငှရန် ပြင်ဆင်နေသည်ကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သမ္မတ၏ အရှေ့အလယ်ပိုင်း ခရီးစဉ် ပါလက်စတိုင်းများ မကျေနပ်၍ ဂါဇာ၌ ဆန္ဒပြ

ဂါဇာ ဇန်နဝါရီ ၁၀

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ် အစ္စရေးနှင့် အသိမ်းပိုက်ခံ အနောက်ဘက် ကမ်းခြေဒေသသို့ သွားရောက် လည်ပတ်နေခိုက် ဟားမတ်စ်လိုလားသူ ထောင်ပေါင်းများစွာတို့သည် ဇန်နဝါရီ ၉ရက်က ဘုရှ်ကို မလိုလားကြောင်း ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသမားများသည် ဘုရှ်၏ ရုပ်ပုံပါ လက်ကိုင်ပိုစတာများကို ကိုင်ဆောင်ဝှေ့ယမ်း၍ ဆန္ဒပြကြသည်။ ထို့အပြင် ဘုရှ် လူသတ်သမားဟုလည်း အော်ဟစ်ခဲ့ကြသည်။

- ဆွေးနွေး -

ဘုရှ်အနေဖြင့် အစ္စရေး၏ လုံခြုံရေး၊ ဒီမိုကရေစီရေးနှင့် အမေရိကန်နှင့် အစ္စရေးတို့၏ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်များကိုသာ ရှေ့တန်းတင်ပြောကြားဆွေးနွေးသည်။ သို့သော် ဘုရှ်သည် ပါလက်စတိုင်းလူနေဒေသများတွင် အစ္စရေးအိမ်ရာများ ဆောက်လုပ်မှုနှင့် ပါလက်စတိုင်းများအား အစ္စရေးတို့က တိုက်ခိုက်နေသည့်ကိစ္စကို လုံးလုံးလျားလျား မပြောကြားဟု ဟားမတ်စ်အဖွဲ့မှ တာဝန်ရှိသူ မာမွတ်အယ်လ်ဇဟားက လူထုဆန္ဒပြပွဲ၌ ပြောကြားသည်။

ဘုရှ်ရောက်ရှိစဉ်အတွင်း ဟားမတ်စ်တို့က ဒုံးကျည်များဖြင့် ပစ်ခတ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်၌ ဗုံးပေါက်ကွဲ ကုလ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘေရွတ် ဇန်နဝါရီ ၁၀

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ဇန်နဝါရီ ၈ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိကြောင်း ကုလသမဂ္ဂတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပါလက်စတိုင်း ဒုက္ခသည်စခန်းအနီး စစ်သွေးကြွအုပ်စုများ ခြေကုပ်ပြုထားသော ဘေရွတ်မြို့ တောင်ဘက် ၃၅ ကီလိုမီတာအကွာရှိ ရမိုင်လာကျေးရွာတွင် ကုလသမဂ္ဂတပ်ဖွဲ့ယာဉ် မောင်းနှင်လာစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာပြောက်ကျားတို့သည် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ၃၄ ရက်ကြာ စစ်ပွဲ ပြီးဆုံးပြီးနောက် တပ်ဖွဲ့ဝင် ၁၃၅၀၀ ရှိသော ယူနီဖီးလ်တပ်ဖွဲ့ကို သုံးကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဇွန် ၂၄ ရက်က လက်ဘနွန်နိုင်ငံ တောင်ဘက်တွင် ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂတပ်ဖွဲ့ဝင် စပိန်သုံးဦးနှင့် ကိုလံဘီယာသုံးဦး သေဆုံးခဲ့သည်။ ဇူလိုင်လတွင် ယူနီဖီးလ်တပ်ဖွဲ့များအနီး လမ်းဘေးဗုံးပေါက်ကွဲမှု ဒုတိယအကြိမ် ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်စစ်ဌာနချုပ်က ထုတ်ပြန်သည့် ရေတပ်ချင်းရင်ဆိုင်သည့် ဗီဒီယိုပြကွက် ပြုပြင်ထားသော ပြကွက်သာဖြစ်ဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၁၀

ပင်လယ်ကွေ့ဒေသ ဟောမုဇ်ရေပြင်၌ ဖြစ်ပွားသော အမေရိကန်စစ်သင်္ဘောများနှင့် အီရန်ရေတပ်သင်္ဘောများ အချင်းများရသည့်ကိစ္စနှင့် ပတ်သက်၍ အကွက်ဆင်ဖန်တီးထားသည်ဆိုသော ဗီဒီယိုမှတ်တမ်းခွေကို ပြသသွားသည်ဟု အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရန်ဂျီစီ)က ဇန်နဝါရီ ၉ ရက်တွင် စွပ်စွဲပြောကြားသည်။

အမေရိကန်စစ်ဘက်က ပြသသွားသော အခင်းဖြစ်ပွားမှု ဗီဒီယိုမှတ်တမ်းခွေသည် ပြုပြင်ထားသောပြကွက်များဖြစ်သည်သာမက ထည့်သွင်းထားသော အသံများမှာလည်း အတုများသာဖြစ်သည်ဆိုသော သတင်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် အီရန်ရုပ်သံသတင်းက ကြေညာသွားသည်။

ရေတပ်ချင်း ရင်ဆိုင်တွေ့သည့် ဗီဒီယိုခွေကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က အင်္ဂါနေ့ကထုတ်လွှင့်ခဲ့သည်။ ယင်းအခွေတွင် အီရန်ရေတပ်သင်္ဘောများက အမေရိကန်ရေတပ်သင်္ဘောများကို ခြိမ်းခြောက်နေသည်ကို ထည့်သွင်းပြသသွားသည်။ ယင်းအဖြစ်အပျက်သည် အီရန်၏ စော်ကားမော်ကား ပြုလုပ်မှုပင်ဖြစ်ကြောင်း၊ အလွန်အန္တရာယ်များသော လုပ်ဆောင်မှုဖြစ်ကြောင်း ဖော်ပြ၍ အမေရိကန်တို့က အီရန်ကို သတိပေးခဲ့သည်။ သို့သော် ယင်းကိစ္စသည် သာမန်ဖြစ်ရိုး ဖြစ်စဉ်ကိစ္စမျိုးသာဖြစ်သည်ဟု အီရန်တို့ဘက်က ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်တွင် ဆူပူမှု၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်နိုင်၍ တပ်ဖွဲ့များကို တပ်လှန့်ထားပြီး ပြည်သူများကို သတိပေးထား

ပါကစ္စတန် နိုင်ငံရေး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ၌ ဒုတိယအကြိမ် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဆူပူမှုများနှင့် ရင်ဆိုင်ရ မည့်အလားအလာများ ကြုံတွေ့နေရသည်။

ပါကစ္စတန် အတိုက်အခံ ခေါင်းဆောင် ဘနာဇီဘူတို လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဖြစ်ပွားသော ဆူပူမှုများ ငြိမ်သက်ခါစအချိန်တွင် ဇန်နဝါရီ ၁၁ရက်၌ စတင်ကျင်းပမည့် အခမ်းအနားတစ်ခု၌ ဆူပူမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။

ပါကစ္စတန်နိုင်ငံ၏ ခရိုင် ၃၅ခုကို စိုးရိမ်ရသော နယ်မြေများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာထားပြီး ထိုနယ်မြေရှိ လုံခြုံရေး တပ်ဖွဲ့များကိုလည်း အမြင့်ဆုံး တပ်လှန့်ထားသည်ဟု ဆိုသည်။

ထို့အပြင် ပြည်သူအပေါင်းကိုလည်း နိုးနိုးကြားကြားရှိကြရန်နှင့် အရေးကိစ္စရှိလျှင် လုံခြုံရေးတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျဖစ်အီအယ်လ်ချီမာက နှိုးဆော်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၅၀၀၀၀ ကျော် သေဆုံးရဟု ကုလသမဂ္ဂ ထုတ်ပြန်

ဂျီနီဗာ ဇန်နဝါရီ ၁၀

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ အီရတ်ကို ဝင်ရောက်ကျူးကျော်သိမ်းပိုက်ပြီးနောက် ဖြစ်ပေါ်လာသော တိုက်ခိုက်မှုများ၊ မငြိမ်မသက်မှုများကြောင့် သေဆုံးရသော အီရတ်အရပ်သူ၊ အရပ်သားဦးရေမှာ ၁၅၀၀၀၀ ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ၏ သုတေသနအစီရင်ခံစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ချိန်မှ ၂၀၀၆ခုနှစ် ဇွန်လအထိ မငြိမ်မသက်မှုများအတွင်း သေဆုံးရသည့် အီရတ်ပြည်သူများဦးရေမှာ ၁၀၄၀၀၀ မှ ၂၂၃၀၀၀အတွင်း ရှိသည် ဟု လေ့လာချက်တစ်ခုက တွက်စစ်ထားသည်။

ထို့အပြင် စစ်ပွဲနှင့် တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အီရတ်ပြည်သူများ၏ ဦးရေကို ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်ကလည်း လေ့လာ၍ ၂၀၀၆ခုနှစ်တွင် အစီရင်ခံစာတစ်စောင်တင်ခဲ့သည်။ ထိုအစီရင်ခံစာ၌ သေဆုံးသူဦးရေကို ခြောက်သိန်းကျော်ရှိသည်ဟု ဖော်ပြခဲ့သည်။ နောက်ဆုံးထုတ်ပြန်သော ကုလသမဂ္ဂအဖွဲ့၏စာရင်းကို ပြုစုရာ၌မူ အီရတ်ရှိ သေဆုံးသူစာရင်း ပြုစုရေးအဖွဲ့၏ ထုတ်ပြန်ချက်များနှင့် ဆေးရုံ၏ ရင်ခွဲရုံမှတ်တမ်းများကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပရီမီယာလိဂ်သတင်းများ

ဓာနည်ဦး

အင်္ဂလိပ်ဘောလုံးလောက၏ ဇန်နဝါရီလ ဘောလုံးသမားအပြောင်းအရွှေ့ ဈေးကွက်သတင်းများ လှိုင်လှိုင်ထွက်ပေါ်နေသည်။

အင်္ဂလိပ်ဘောလုံးလောကမှ ဖူလ်ဟမ်နှင့် ကျူပီအာကလပ်အသင်းတို့က အင်တာမီလန်မှ ပေါ်တူဂီလက်ရွေးစင်ဟောင်း ဖီဂိုအားခေါ်ယူရန် ကြိုးပမ်းနေကြသည်။ ဖူလ်ဟမ်အသင်းသည် ပရီမီယာလိဂ်တွင် အသင်း ၂၀အနက် ၁၉နေရာ၌ ရှိနေသည်။ ထို့ကြောင့် ဖီဂိုအား ကျားကန်ရန် ခေါ်ယူလိုသော်လည်း ငွေရေး ကြေးရေးအပိုင်း၌ လိုက်နိုင်မလိုက်နိုင် မသေချာမရေရာ ဖြစ်နေသည်။

ထို့အတူ ဘော်လ်တန်တိုက်စစ်မှူး ပြင်သစ်လက်ရွေးစင်ဟောင်း အနဲလ်ကာကို ချယ်လ်ဆီးက ခေါ်ယူလိုကြောင်း ကမ်းလှမ်းထားသည်။ သို့သော်လည်း ဘော်လ်တန်က လောလောဆယ်တွင် ကမ်းလှမ်းမှုကို လက်မခံသေးဟု သိရသည်။

အလားတူ ပရီမီယာလိဂ်ပြိုင်ပွဲဝင် မန်ချက်စတာစီးတီးအသင်းကလည်း အီတလီစီးရီးအေ ရိုးမားကလပ်အသင်းမှ ဘရာဇီးဘောလုံးသမား မန်စီနီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ထို့အတူ အနဲလ်ကာ၊ ဘာဘာတော့ဖ်တို့ကိုလည်း ဆက်သွယ်ကမ်းလှမ်းနေကြောင်း သိရသည်။ ထို့အတူ ဂျာမနီရှိ ဘိုင်ယန်မြူးနစ်ကလပ်အသင်းမှ ပိုဒေါ်စကီးကိုလည်း မန်စီးတီး မန်နေဂျာ အဲရစ်ဆင်က မျက်စိကျနေသည်။

မန်ယူမှ Key Player ဖြစ်နေသူ စီရော်နယ်ဒိုကိုလည်း စပိန်ရီးယဲလ်မဒရစ်ကလပ်က ခေါ်ယူရန် စိတ်ဝင်စားနေရာ မန်ယူက ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ဈေးမြှင့်တင်ထားသည်။

ပရီမီယာလိဂ်ပြိုင်ပွဲ ဦးဆောင်အသင်းဖြစ်သည့် အာဆင်နယ်အသင်းမှ ဂျာမန်လက်ရွေးစင် ဂိုးသမား ဂျင်းလေမန်းသည် ယခုအခါ ပထမဂိုးသမားနေရာ မရနိုင်တော့ဘဲ ဒုတိယဂိုးသမားနေရာသို့ ရောက်ရှိနေသဖြင့် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည်။ မန်နေဂျာ အာဆင်ဝင်းဂါးကလည်း လေမန်းအား အသင်းမှ ထွက်ခွာလိုက ထွက်ခွာခွင့်ပြုရန် အသင့်ရှိနေသည်ဟုဆိုသည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၂)ကို ဇန်နဝါရီ ၁၂ရက်၊ ၁၃ရက်နှင့် ၁၅ရက်တို့၌ ကျင်းပမည် ဖြစ်ရာ-

၁၂-၁-၂၀၀၈ ည ၉နာရီခွဲ — အာဆင်နယ်နှင့် ဘာမင်ဂမ်
။ ည ။ — မစ်ဒရယ်ဘရော့နှင့် လီဗာပူး
။ ည ၁၁း၄၅နာရီ — မန်ယူနှင့် နယူးကာဆယ်
၁၃-၁-၂၀၀၈ ည ၈နာရီ — ဆန်းဒါးလန်းနှင့် ပို့စ်မောက်
၁၅-၁-၂၀၀၈ နံနက် ၂နာရီခွဲ — ချယ်လ်ဆီးနှင့် စပါးစ်

တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၁)အပြီး အသင်း ၁၀သင်း၏အခြေအနေ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	အမှတ်
၁	အာဆင်နယ်	၂၁	၁၅	၅	၁	၅၀
၂	မန်ယူ	၂၁	၁၅	၃	၃	၄၈
၃	ချယ်လ်ဆီး	၂၁	၁၃	၅	၃	၄၄
၄	မန်စီးတီး	၂၁	၁၁	၆	၄	၃၉
၅	လီဗာပူး	၂၀	၁၀	၈	၂	၃၈
၆	အဲဗာတန်	၂၁	၁၁	၃	၇	၃၆
၇	အက်စ်တန်ဗီလာ	၂၁	၁၀	၆	၅	၃၆
၈	ပို့စ်မောက်	၂၁	၉	၇	၅	၃၄
၉	ဘလက်ဘန်း	၂၁	၉	၆	၆	၃၃
၁၀	ဝက်စ်ဟမ်း	၂၀	၈	၅	၇	၂၉

ဇန်နဝါရီ ၉ရက်က ကျင်းပသော ကားလင်း ဖလား ဘောလုံး ပြိုင်ပွဲ အကြို ဗိုလ်လုပွဲ ပထမ အကျော့တွင် စပါးစ်အသင်း၏အသင်းခေါင်း ဆောင် လက်ဒလေကင်း (ဝဲ)နှင့် အာဆင်နယ် နောက် တန်းလူ ဂျွန်ဒီဂျာရူးတို့ ဘောလုံး ယှဉ်လုကြစဉ်။(ဓာတ်ပုံ-အင်တာနက်)

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ အာဆင်နယ်နှင့်စပါးစ် သရေကျ

လန်ဒန် ဇန်နဝါရီ ၁၀

ကားလင်းဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် စပါးစ်အသင်းတို့ အမ်မရိတ်ကွင်းတွင် ဇန်နဝါရီ ၉ ရက်က ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

အာဆင်နယ်အသင်းအား ရှုံးနိမ့်ရမည့်အရေးမှ ကယ်တင်ပေးခဲ့သူမှာ သီအိုဝါးလ်ကော့ဖြစ်သည်။ ၎င်းသည် ပွဲချိန် ၇၉ မိနစ်တွင် အာဆင်နယ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

စပါးစ်အသင်းသည် မြောက်ပိုင်းလန်ဒန် ပြိုင်ဘက်အသင်းဖြစ်သည့် အာဆင်နယ်အသင်းကို အနိုင်မရခဲ့သည်မှာ ကိုးနှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုပွဲတွင် အနိုင်ရရှိရန် အားခဲထားခဲ့သည်။ ပွဲချိန် ၃၇မိနစ်တွင် စပါးစ်အသင်းအတွက် ဂျာမိန်းဂျေးနတ်စ်က ဂိုးသွင်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၈ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရေ့ဂျ်ကွင်း၌ ကျင်းပသော ကားလင်းဖလားအကြိုဗိုလ်လုပွဲ ပထမအကျော့တွင် ချယ်လ်ဆီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ***အင်တာနက်။***

ဘောလုံးလောကသို့ပြန်ခြေချရန် အယ်လာဒိုက်စ် စိတ်အားထက်သန်

နယူးကာဆယ် ဇန်နဝါရီ ၁၀

မိမိသည် ဘောလုံးလောကသို့ပြန်ခြေချရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဆမ်အယ်လာဒိုက်စ်က ယနေ့ပြောကြားသည်။ အယ်လာဒိုက်စ်သည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် နယူးကာဆယ် ယူနိုက်တက်အသင်း၏ မန်နေဂျာ ရာထူးမှ ဇန်နဝါရီ ၉ရက်တွင် နုတ်ထွက်ခဲ့သူဖြစ်သည်။

မိမိသည် ခေတ္တအနားယူပြီးနောက် ဘောလုံးလောကသို့ ပြန်ခြေချမည်ဖြစ်ကြောင်း အသက် ၅၃ နှစ်ရှိ အယ်လာဒိုက်စ်က ပြောကြားသည်။ ၎င်းသည် ဘော်လ်တန်အသင်း၏ မန်နေဂျာဟောင်းလည်းဖြစ်သည်။

မိမိသည် နယူးကာဆယ်ယူနိုက်တက်အသင်း၏ အကြီးအကဲများနှင့် သဘောကွဲလွဲမှုမရှိကြောင်း ၎င်းက ပြောကြားသည်။

နယူးကာဆယ်ယူနိုက်တက်အသင်းသည် မန်နေဂျာအသစ် ခန့်အပ်ရန် ရွေးချယ်ရခြင်း မရှိသေးပေ။

အယ်လာဒိုက်စ်သည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက နယူးကာဆယ်အသင်းနှင့်အတူ လေ့ကျင့်ရေးကွင်း၌ ရှိနေခဲ့သဖြင့် ၎င်းသည် အသင်းအကြီးအကဲများ၏ ဖိအားပေးမှုအရ ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့သည်ဟု ယူဆရသည်။

အင်တာနက်။

ရီးယဲလ်မဒရစ်၌ဆက်လက်ကစားရန် နစ္စတယ်လ်ရွိုင်းသဘောတူ

မဒရစ် ဇန်နဝါရီ ၁၀

ဒတ်ချ်တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းသည် စပိန်ချန်ပီယံ ရီးရဲလ်မဒရစ်အသင်းတွင် ၂၀၁၀ပြည့်နှစ်အထိ ဆက်လက်ကစားရန် သဘောတူညီချက်လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

နစ္စတယ်လ်ရွိုင်း၏ ကန်ထရိုက်စာချုပ်သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ငွေရေးကြေးရေးကိစ္စရပ်များကို မသိရှိရပေ။ အသက် ၃၁နှစ်ရှိ နစ္စတယ်လ်ရွိုင်းသည် ၂၀၀၆ခုနှစ် ဇူလိုင်လတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုစဉ်က အသင်းပြောင်းရွှေ့ကြေးယူရို ၁၅သန်း (အမေရိကန် ဒေါ်လာ ၂၂သန်း)ရှိခဲ့ပြီး ကန်ထရိုက်စာချုပ်သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။

နစ္စတယ်လ်ရွိုင်းသည် စပိန်တွင် ဂိုးသွင်းအကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ၂၅ဂိုးသွင်းပေးခဲ့သည်။

အင်တာနက်။

ဒတ်ချ်တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း။ *(ဓာတ်ပုံ-အင်တာနက်)*

မန်ချက်စတာယူနိုက်တက်အသင်း တောင်အာဖရိကသို့သွားမည်

လန်ဒန် ဇန်နဝါရီ ၁၀

မန်ချက်စတာယူနိုက်တက်အသင်းသည် လက်ရှိဘောလုံးရာသီပိတ်သိမ်းချိန်တွင် တောင်အာဖရိကနိုင်ငံသို့ သွားရောက်ကာ ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဇူလိုင် ၁၉ရက်မှ ၂၆ရက်အထိ တောင်အာဖရိကနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း၊ ခရီးစဉ်အသေးစိတ်ကို မန်နေဂျာ ဆာအဲလက်စ်ဖာဂူဆန်က လာမည့်လတွင် ကျင်းပမည့် သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောဆိုမည်ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသို့သွားရောက်မည့် မန်ချက်စတာယူနိုက်တက်အသင်းတွင် အင်္ဂလန်လက်ရွေးစင်အသင်းမှ ဘောလုံးသမားများပါဝင်မည်ဟု မျှော်လင့်ရသည်။

တောင်အာဖရိကနိုင်ငံသည် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အင်တာနက်။

နောက်ဆုံး နိုင်ငံတကာသတင်းများ၊ နောက်ဆုံး နိုင်ငံတကာသတင်းများ

ဇန်နဝါရီ ၁၀ရက်က ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ရှိ တရားရုံးချုပ်အနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးအချို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဗုံးပေါက်ကွဲ၊ ၂၄ဦး သေဆုံး၊ ၇၀ကျော်ဒဏ်ရာရ

လာဟိုး ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့တွင် ယနေ့ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၂၄ဦးထက်မနည်းသေဆုံးပြီး ၇၀ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။

လာဟိုးမြို့ရှိ တရားရုံးချုပ်အပြင်ဘက်တွင် တာဝန်ချထားသည့် ရဲတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ရက် ၌ကျင်းပမည့် ရွေးကောက်ပွဲအကြိုကာလ၌ မငြိမ်မသက်မှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ ယခုတိုက်ခိုက်မှုတွင် မည်သူမည်ဝါ၏လက်ချက်ဟု မသိရသော်လည်း တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ၏ လက်ချက်ဟုယူဆကြသည်။

အင်တာနက်။

ဘဂ္ဂဒက်တောင်ပိုင်းရှိ ပစ်မှတ်များကို ဗုံးပေါင်ချိန် ၄၀၀၀၀ ကန်လေတပ်မှကြဲချ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စု၏ စခန်းများကို ယနေ့နံနက်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် ဗုံးပေါင်ချိန် ၄၀၀၀၀ အသုံး ပြုခဲ့ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

ဘဂ္ဂဒက်တောင်ဘက် ဆင်ခြေဖုံးဒေသရှိ ပစ်မှတ်ပေါင်း ၄၀ကျော်ကို အမေရိကန် စစ်လေယာဉ်များက ဗုံးကြဲတိုက် ခိုက်ခဲ့ကြောင်း စစ်ဘက်ကြေညာချက်၌ ပါရှိသည်။

အမေရိကန်လေတပ်သည် ဘီ-၁ ဗုံးကြဲလေယာဉ်နှစ်စင်းနှင့် အက်ဖ်-၁၆ဂျက်တိုက်လေယာဉ် လေးစင်းတို့ကို အသုံးပြုကာ အာရပ်ဂျာဘားအရပ်ရှိ ပစ်မှတ်သုံးခုကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အမေရိကန်စစ်ဘက်သည် ယခုရက်သတ္တပတ်မှစ၍ အယ်လ်ခိုင်ဒါ အုပ်စု၏ ခြေကုပ်စခန်းများကို ချေမှုန်းနိုင်ရန် စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အင်တာနက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မီးသတ်ယာဉ်များလွှဲအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် သစ်တောရေးရာဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သစ်တောရေးရာအုပ်ချုပ်ရေးဌာနက မီးသတ်ယာဉ်များလွှဲအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် သစ်တောရေးရာအုပ်ချုပ်ရေးဌာန ဒုတိယဝန်ကြီး Mr. Lei Jiafu တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော် သစ်တောရေးရာ အုပ်ချုပ်ရေးဌာန ဒုတိယဝန်ကြီး Mr. Lei Jiafu က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China International Forestry Group (CIFG) ဥက္ကဋ္ဌ Mr. Zhang Zhangde က မီးသတ်ယာဉ်များ လွှဲအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် CIFG ဥက္ကဋ္ဌနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က မီးသတ်ယာဉ်ခြောက်စီး လွှဲပြောင်းပေးအပ်သည့် စာချုပ်များကို အပြန်အလှန် လက်မှတ်ရေးထိုး၍ လဲလှယ်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် လှူဒါန်းထားသည့် မီးသတ်ယာဉ်များ သရုပ်ပြသမှုကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံသစ်တောကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာလဲလှယ်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေး၊ နှစ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ မီးဘေးကာကွယ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရှားပါးတိရစ္ဆာန်များ အပြန်အလှန်လဲလှယ်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးတို့သည် ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Forestry Group (CIFG) ဥက္ကဋ္ဌ Mr. Zhang Zhangde နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့ မီးသတ်ယာဉ်ခြောက်စီး လွှဲပြောင်းပေးအပ်သည့်စာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။

(သစ်တောရေးရာ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှော်ကားလမ်း အဆင့်မြှင့်ရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ လှော်ကားလမ်း အဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က လူအား၊ စက်ယန္တရားအားတို့ဖြင့် ဆောင်ရွက်နေမှုလုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူတို့က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စုလမ်းဆုံမှ မောင်းမကန် ကမ်းသာလမ်းဆုံအထိ လမ်းအရှည် ပေ ၅၆၀၀၊ အကျယ် ၂၄ ပေရှိ လှော်ကားလမ်းအပိုင်းအား ကျောက်ချော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတွင် ကျောက်စီခင်းမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုလုပ်ငန်း အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် လုပ်ဆောင် ကြရန်၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် စနစ်တကျ ဆောင်ရွက်ကြရန်၊ လေလွင့် ဆုံးရှုံးမှုများမရှိရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စုလမ်းဆုံမှ မောင်းမကန် ကမ်းသာလမ်းဆုံအထိ လှော်ကားလမ်း ကျောက်ချောကတ္တရာလမ်း အဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

တာဝန်ကျေပါစေ

*** နှစ်တိုင်းစဉ်သာ၊ ကျင်းပလာသည်**
မဟာအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ
သူလည်းပျော်ရွှင်၊ ငါလည်းရွှင်မိ
ပြည်ခွင်တစ်ဝန်း၊ လွတ်လပ်ပန်းတို့
ပြည့်လျှမ်းထိန်ဝေ ပွင့်သည်မို့...။

*** ပျော်ပျော်ရွှင်ရွှင်၊ အောင်ပွဲဆင်လျက်**
အစဉ်မပြတ်၊ မမေ့အပ်သည့်
လွတ်လပ်ဖို့အရေး၊ ဒို့ဘိုးဘေးတို့
သွေးချွေးအသက်၊ ခန္ဓာပျက်ထိ
ပေးဆက်ခဲ့မှု၊ အစုစုကို
အလေးပြုကြ စုံစုံညီ...။

*** ထိုမှတစ်ဖန်၊ သန္နိဋ္ဌာန်ဖြင့်**
ရည်သန်ကြိုးပမ်း၊ လွတ်လပ်ပန်းတို့
တစ်ဝန်းပြည်ခွင်၊ စဉ်လန်းရှင်အောင်
သူ့တွင်တာဝန်၊ ကိုယ့်တာဝန်ဟု
ရင်မှာစွဲမှတ်၊ သတိချပ်၍
မပြတ်ထိန်းသိမ်း ကာကွယ်စို့...။ ။

ရန်ကြီးအောင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အပါယ်ရိက္ခာမစုကြပါနဲ့" တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀-၂း၀၀	ရန်အောင်မြင်ဟု တည်ထားပူဇော်နတ်လူသာစုခေါ်စေသော်ဝ်
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Myanmar Video Rhythm
၈း၄၅-၂း၄၅	မက်မက်မောမောမက်မန်း
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀-၃း၃၀	အရိုးကျိုးခြင်းနှင့်ကုသခြင်းအကြောင်း(အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ဖွံ့ဖြိုးဝေစည်ရေတာရှည်
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀-၄း၄၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာဥမ္မာကျော်)
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ(မင်္ဂလာပွဲအတွက်နေရာရွေးရအောင်)
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၀၅-၆း၀၅	မိဂဒါဝုန်ကျောင်းတိုက် နှစ်(၁၀၀)ပြည့်ခရီး
၁၂း၃၀-၆း၃၀	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲကို ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ဒေါက်တာကျော်ထင် (အကြံပေးပုဂ္ဂိုလ်) UMFCCI/(MIA) က စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဇော်မင်းဝင်း (ဒုတိယဥက္ကဋ္ဌ UMFCCI/MIA) က Challenges and Perspective for the future development of SMEs in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးထွန်းနိုင်အောင် (New and Renewable Energy Group)က Why We need Con-sultancy ခေါင်းစဉ်ဖြင့်လည်းကောင်းဟောပြောမည်ဖြစ်သဖြင့်မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုမဂ္ဂဇင်းထုတ်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၈ ခုနှစ်တွင်ကျရောက်မည့် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူများအား မတ် ၃၁ ရက် နောက်ဆုံးထား စုဆောင်းမည်ဖြစ်ပြီး စိတ်ဝင်စားသူများသည် ဦးထွန်းကြည် ဖုန်း-၃၉၅၀၀၈၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၁-၂၈၈၅၉၊ ဒေါ်အေးအေးမွန် ဖုန်း-၀၅၃-၃၂၀၉၇၊ ဦးဝင်းလှိုင် ဖုန်း-၀၄၄-၂၁၆၃၇၊ ဦးအောင်သိန်း ဖုန်း-၅၄၆၄၂၀ နှင့် စာတည်းအဖွဲ့ ဖြူပြာစာပေတိုက် ဖုန်း-၂၄၅၇၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။(က-ပ)

ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားများ မြစ်ကြီးနား၊ လားရှိုး၊ ပုသိမ်၊ စစ်တွေ၊ တောင်ငူမြို့တို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြက်ခင်းပြင်၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်ရှိ အားကစားကွင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှ ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့် အပ်နှင်းခံရသူများအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား တိုင်းမှူးက ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဧရာဝတီတိုင်း ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄ နာရီ မိနစ်၂၀တွင် ပုသိမ်မြို့ရှိ တိုင်းအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ရခိုင်ပြည်နယ် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီတွင် စစ်တွေမြို့ရှိ ဧညဝတီအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပဲခူးတိုင်း ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီတွင် တောင်ငူမြို့ပြည်သူ့အားကစားကွင်း၌ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပဲခူးတိုင်းအတွင်းမှ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသူများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား တိုင်းမှူးက ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်အပ်နှင်း၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက မတည်လှူဒါန်းသော ရွှေပါရမီကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦးတို့က ငွေကျပ်သိန်း ၁၀၀ ကို ကျောင်းဆောင် ဆောက်လုပ်ရေး ကော်မတီနာယက ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

GRAND ROYAL
SPECIAL RESERVE
Golf Championship

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက် ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ၏ ဒုတိယ နေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် မကွေးမြို့ရှိ ဖန်ခါးမြေ ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး

IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက် လက်ရည်စစ်ပြိုင်ပွဲ ဝင်ခွင့်ရရှိသော တင်လင်းကိုအား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဘုန်းမော်ရွှေက Nett Total (၁၃၈) ချက်ဖြင့် ပထမရရှိသော စိုးလွင်ဦး၊ Nett Total(၁၄၀)ဖြင့် ဒုတိယရရှိသော အောင်လွင်မိုးနှင့် Nett Total (၁၄၀)ဖြင့် တတိယရရှိသော တင်လင်းကိုတို့အား ဆုများကိုလည်းကောင်း၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ်ဌေးအောင်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ပထမမှ ပဉ္စမအထိ ဂေါက်သီးရိုက် အားကစားသမားများကို လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီး သိန်းကြည်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ဆဋ္ဌမမှ ဒသမအထိ ဂေါက်သီးရိုက် အားကစားသမားများကို လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော သန်းဦးအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ၂၃၃ကိုက် နှစ်ပေဖြင့် ကျင်းအမှတ်(၄)တွင် Longest Drive ဆုရရှိသော အောင်မြိုင်အားလည်းကောင်း၊ ခြောက်ပေ ကိုးလက်မဖြင့် ကျင်းအမှတ်(၁၇)တွင် Nearest to the Pin ဆုရရှိသော ဒေါက်တာသန်းထိုက်ရှိန်အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဗိုလ်လုပွဲဝင်ခွင့်ရရှိ

၂၀၀၈ခုနှစ် မတ် ၁၄ ရက်မှ ၁၆ရက်အထိ ရန်ကုန်မြို့ (မြို့တော်ဂေါက်ကွင်း)၌ ကျင်းပမည့် ဗိုလ်လုပွဲသို့ မကွေးမြို့ လက်ရည်စစ်ပြိုင်ပွဲမှ ပြိုင်ပွဲဝင်ခွင့်ရရှိကြသော ကောင်းနိုင်၊ မြင့်ဟန်၊ စိုးလွင်ဦး၊ ဇော်မျိုးဟန်နှင့် တင်လင်းကိုတို့အား International Beverages Trading Co., Ltd. မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က ဆုများ ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် Main Sponsor မှာ International Beverages Trading Co.,Ltd. ဖြစ်ပြီး Co- Sponsors များအဖြစ် Dusit Inya Lake Hotel၊ Srixon နှင့် Alpine (Purified Drinking Water)တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံ သင်တန်းအမှတ်စဉ်(၂/၂၀၀၇)သင်တန်း ဖွင့်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ရက်နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုဘုမ္မိကတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် တာကွေ့ကျေးရွာစတုဘုမ္မိကဆရာတော် ဘဒ္ဒန္တတောသိရ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ)ကျောင်းတိုက်၌ရွှေမင်းဝံ့ဂုဏ်တွင်း ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၁၆ရက်မှစ၍ ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူကမ္မဋ္ဌာနာစရိယ) ရန်ကုန်သင်္ဃန်းကျွန်း ပြည်သာယာ စတုဘုမ္မိကရိပ်သာ ဆရာတော်က ဟောကြားမည်ဖြစ်သည်။ လှူဒါန်းလိုပါက စတုဘုမ္မိကသာသနာ ပြန့်ပွားရေးအကျိုးဆောင်အဖွဲ့ ဖုန်း– ၀၁–၅၇၁၉၂၉ နှင့် တရားစခန်း ဖြစ်မြောက်ရေးကော်မတီ (တာကွေ့ရွာ)တို့နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

တွံတေးမြို့နယ် ကျွန်းတောရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၅ရက်က ကျင်းပစဉ်။
(မြို့နယ်ပြန်/ဆက်)

ဆရာတော် အရှင်ဇဝန(ပဲခူး)၏ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏ စံရိပ်ငြိမ် ကျောင်း ဆရာတော် အရှင်ဇဝန(ပဲခူး) အရှင်မြတ်သည် ဇန်နဝါရီ ၁၁ ရက်တွင် ဒလမြို့နယ် အုံကြီးအရှေ့ရပ်ကွက် အမက(၁၅) အာစရိယပူဇော်ပွဲ၊ ၁၂ ရက်တွင် တောင်ဒဂုံ (၁၀၅)ရပ်ကွက် မလွန်ဆန်လူ၊ ၁၃ ရက်တွင် မင်္ဂလာတောင်ညွန့် မြို့နယ် (၁၂၃)လမ်းအထက် သပြေကုန်းရပ်ကွက် အောင်သပြေကုန်းဓမ္မာရုံ၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဆေးဝက်ပါဆရာတော် ဦးအဂ္ဂဓမ္မ၏ မွေးနေ့ ဓမ္မသဘင်၊ ၁၈ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာမိသားစု စုဘုး ရေစက်ချ၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ညောင်တုန်းမြို့ ဥဿျစ်လှဘုရားပွဲ၊ ၂၁ ရက်တွင် ပဲခူးမြို့၊ ၂၂ ရက်တွင် ဒေါပုံမြို့နယ် မေတ္တာလမ်း ဗိုလ်ထွန်းဇံ ရပ်ကွက်၊ ၂၃ ရက်တွင် သာကေတမြို့နယ် (၆)အရှေ့ရပ်ကွက် အနန္တသုခ ဓမ္မာရုံ၊ ၂၄ ရက်တွင် ဒေါပုံမြို့နယ် ယမုံနာ (၂)ရပ်ကွက် စံပြ (၃)လမ်း၊ ၃၁ ရက်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၅) သံဃာ့ဒါနအသင်း ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ရာ တရားပွဲဆက်သွယ် လိုလျှင် ဖုန်း-၀၁-၇၀၉၆၀၈ သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

✱ ကျောဖုံးမှ

မောင်မြန်မာ(အငယ်တန်း) ပြိုင်ပွဲအတွက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပ ခဲ့သော မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲများ၊ အိုလံပစ်နေ့အထိမ်းအမှတ် အကြီးတန်း မောင်ပြိုင်ပွဲများ၊ (ကြည်း၊ ရေ၊ လေ)မောင်အကြီးတန်း တံခွန်စိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိပြီးသူများ၊ မောင်မြန်မာ (အငယ်တန်း) ပြိုင်ပွဲတွင် ပထမ ရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုကြောင်းနှင့် မယ်မြန်မာ (အလွတ်တန်း) ပြိုင်ပွဲအတွက် ဝတ်စုံနှစ်မျိုးဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရပ် ငါးပေသုံးလက်မနှင့်အထက်၊ အသက် (၁၆)နှစ်မှ (၃၀)နှစ်အတွင်း အိမ်ထောင် မရှိသူ(အပျို) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း ဌာနမှူး၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် စခန်းတာဝန်ခံ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင် အားကစားစခန်းထံသို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရသေ့တောင် အထက(၁) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်တွင် အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ရေးဦးစွာ အလိုတော်ပြည့် ကျောင်းတိုက်များ၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရိယဝံသ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီး ဘကြည်၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်နေ အလှူရှင် ဦးချောင်းနှင့်ဇနီး သီဟသုဓမ္မသီဂိ ဒေါ်ရွှေခင် (Gold Uni Jewellery Co., Ltd) တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားကို ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး အဆိုပါကျောင်းအတွက် လှူဒါန်းငွေကျပ်သိန်းနှစ်ရာကို ပေးအပ်လှူဒါန်း၍ အလှူရှင်သီဟသုဓမ္မသီဂိ ဒေါ်ရွှေခင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ပြည်နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ နှစ်ထပ် ကျောင်းဖြစ်ပြီး ငွေကျပ်သိန်းသုံးထောင့်နှစ်ရာ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ်(၆၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်း သတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၆၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဒါလားဟဲ့ ဒီမိုကရေစီ၊ ၁၉ နှစ်သားကို နိုင်ငံရေးသေတမ်းစာဖြင့် ပါတီအမွေပေးခဲ့သည့် ဘနာဇီဘူတိုနှင့် ပါကစ္စတန်နိုင်ငံရေး အလားအလာ၊ ရွေးကောက်ပွဲအပြီး သွေးချောင်းစီးနေသည့် ကင်ညာ၊ ထီပေါက်ပြီး လက်မှတ် ပျောက်မလိုဖြစ်နေသည့် ထိုင်းနိုင်ငံမှ ပီပီပီပါတီနှင့် ထိုင်းနိုင်ငံရေး အလားအလာ၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားလာသည့် အိန္ဒိယ၊ အီရန်နဲ့ စေ့စပ်ညှိနှိုင်းမှု အပေးအယူအတွက် အလေးမူရတော့မယ့် အမေရိကန်၊ ဘူတန်နိုင်ငံ၏ ဒီမိုကရေစီ ပထမခြေလှမ်း၊ ၄၈ ယာဉ်လိုင်းတွင် စစ်ကျန်ဘတ်စ်ကားများအစား အဆင့်မြင့်ယာဉ်များဖြင့် အစားထိုးသွားမည်၊ သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့သော အိမ်ကြီးမှ ရွှေချောင်း ၃၂ ကျပ်သား ခိုးယူခဲ့သော အိမ်ဖျက် လုပ်သားနှစ်ဦးအား ဖမ်းဆီးစစ်ဆေး၊ City FM(၆)နှစ်ပြည့် အခမ်းအနား အောင်မြင်စွာကျင်းပ၊ အရက်ကိုကြိုက်လို့ သောက်တဲ့လူ၊ ရန်ကုန်မြို့ကြီးရဲ့ အနောက်ဘက် နယ်နိမိတ်ဖြစ်တဲ့ အောင်ရတနာလမ်း (West Street)၊ တက္ကစီမင်းနှင့် မော်ဒယ်ဂဲလ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ အောင်သန့် (ကျိုက္ကော်)၊ ဆြာစန်းနှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်း မင်္ဂလာ တောင်ညွန့်မြို့နယ်၏ ပညာရေး စုံညီပွဲ တော် နှင့် ထူးချွန်ဆု ပေးပွဲကို ဇန်နဝါရီ ၃ရက်ကကျောင်း ခန်းမတွင်ပြုလုပ်ရာ ဒုတိယတန်းမှ ထူးချွန်ဆုရ ကျောင်း သား တစ် ဦး အား ကျောင်း အုပ်ဆရာကြီး ဦးလှမြင့် ဆုချီးမြှင့် စဉ်။

(ပညာရေး)

ပြည်နယ်နှင့် တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၇ ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်း ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီး ယမန်နှစ် ချန်ပီယံအသင်းများ ဖြစ်သည့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများနှင့် စုပေါင်းဒိုင်းဆုကြီးကို အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံသို့ ပြန်လည်အပ်နှံသည်။ ဆက်လက်၍ ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုကြသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အမျိုးသမီး၊ အမျိုးသားပြိုင်ပွဲဝင် ၁၆သင်းပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလအတွက်

(၁၃-၁-၂၀၀၈)ရက်နေ့

နှင့်

(၂၇-၁-၂၀၀၈)ရက်နေ့

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ရက်ကကျင်းပရာ သူငယ်တန်းမှ ဆုရရှိသူ မအေးချမ်းမိုးမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၆) အမှတ်(၁၆) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၀

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် မော်ကျွန်းစိုးမြင့်၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ဘယ်လို ဦးတည်ခံယူရေးဆွဲနေသလဲ၊ စိုးသီဟစိုး၏ မြန်မာ့အိုင်စီတီလောက တစ်ခေတ်ဆန်းပြီ၊ စုရတီထက်၏ ပန်းမြို့တော် ပြင်ဦးလွင်မှ လောကအလှ၊ ဒေါက်တာခင်မောင်ညို၏ အလွှာလိုက်အလွှာလိုက်၊ ဆက်နောင်၏ သမိုင်းအစဉ် အလာမညှိုး မြန်မာ့အိုး၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ အင်ဒိုနီးရှား စီးပွားရေးနှင့် တယ်လီကွန်မြူနီကေးရှင်း ဆောင်းပါးများ အပြင် ဒေသတွင်း စီးပွားရေးရာ သတင်းများ၊ နိုင်ငံတကာရေးရာ သတင်းများ၊ ပြည်တွင်းရေးရာသတင်းများ စုံစုံလင်လင် ဓာတ်ပုံများ ဝေဝေဆာဆာဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ်ဝယ်ယူနိုင်သည့် ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး ဆက်သွယ်ရန်နှင့် စာမူ ပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တွင်း (DOWN TOWN) ခုနစ်မြို့နယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် ဆိပ်ကမ်းမြို့နယ်များအား ယာဉ်တိုက်မှု ကင်းမဲ့ဇုန်အဖြစ် ၁-၁-၂၀၀၈ ရက်နေ့မှ စတင်သတ်မှတ် ဆောင်ရွက်ထားရှိပြီးဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအားလုံး အဆိုပါ ဧရိယာအတွင်း မည်သည့်အကြောင်းကြောင့်နှင့်မျှ ယာဉ်တိုက်မှုမဖြစ်ပွားစေရေး သတိပြု မောင်းနှင်ကြရန် ဖြစ်ပါသည်။ အနေးယာဉ်များမှာလည်း သတ်မှတ်ထားသော စည်းကမ်းများအတိုင်း စနစ်တကျ စီးနင်းကြရန်နှင့် ကန့်သတ်ထားသည့် ဧရိယာအတွင်း ဝင်ရောက်စီးနင်းခြင်းမပြုရန်၊ ထို့ပြင် ခြေကျင်လျှောက် လုပ်သားပြည်သူများမှာလည်း လူသွားစင်္ကြံမှ သွားလာကြပြီး လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားတို့မှသာ လမ်းဖြတ်ကူးကြပါရန်၊ လမ်းဘေးဈေးသည်များကလည်း သတ်မှတ်ထားသည့် နေရာ၌သာ စနစ်တကျ ရောင်းချကြပါရန် ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာခြင်း မရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဇန်နဝါရီ ၃ ရက်က ကမာရွတ် မြို့ နယ် အမှတ် (၄) အခြေခံပညာ အထက်တန်း ကျောင်း ပညာရေး စုံညီပွဲတော် အကပဒေသာပွဲ တွင် အလယ်တန်း ကျောင်းသား မောင်ဝေလွင်ဖြိုးနှင့် မနှင်းဝတ်ရည်ဦး တို့က ဒေဝစ္စရာနှစ် ပါး သွားအကဖြင့် ဖျော်ဖြေ တင်ဆက်စဉ်။

(ပညာရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ ဝမ်ပုံရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English For Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၂၀ ၆။ အကပြိုင်ပွဲ
- ၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၈။ **"ကြိုဆိုလျက်ပါ" (၄က်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
- ၅:၅၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၃၅)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၁၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၇ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့စုရပ်မှ ပုသိမ်-မုံရွာ-ရေဦးကားလမ်းအတိုင်း၊ မြို့ဝင် ရပ်တုလမ်းဆုံအထိ အသွား၊ အပြန် လမ်းလျှောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်သည်။

ထို့နောက် ၂၀၀၇ ခုနှစ် (၁၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌဦးခင်မောင်လတ်၊ တပ်မတော် ဟော်ကီ လက်ရွေးစင် အသင်းအုပ်ချုပ်သူ ဗိုလ်မှူးညိုမင်းလွင်နှင့် တာဝန်ရှိသူများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင်များက ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁) ခြေလျင်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ပါဝင်ယှဉ်ပြိုင်ခဲ့

ယင်းနောက် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းကို ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းအား ပေးအပ်သည်။ အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ စတင် ကျင်းပခဲ့ပြီး တပ်မတော်(ရေ)၊ တပ်မတော် (လေ)၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်မဌာနချုပ်များမှ အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်း ၂ လမ်းနေ ဦးကျော်ရင်အားရည်စူး၍ ဒေါ်အေးမြင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

အထက(၃) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(၃)ကျောင်း ၁၉၆၉-၁၉၈၁ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြည်းလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တပည့်ဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြရန် ပူဇော်ပွဲ ကျင်းပရေးကော်မတီမှ နှိုးဆော်ထားသည်။

အဆိုပါ ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သဒ္ဓါအလျောက် လှူဖွယ်ဝတ္ထုပစ္စည်းဖြစ်စေ၊ အလှူငွေဖြစ်စေ လှူဒါန်းလိုကြပါက ဦးမြင့်စိုးဝင်း (နာယက) ဖုန်း-၅၉၁၁၁၆၊ ဦးခင်မောင်ဌွေး(ဥက္ကဋ္ဌ) ဖုန်း-၅၆၀၇၀၇၊ ၅၇၀၄၃၆၊ ဦးမြင့်ခိုင်(အတွင်းရေးမှူး) ဖုန်း-၂၅၄၆၇၉၊ ၅၇၂၀၅၀၊ ဒေါ်သီတာငြိမ်း ဖုန်း-၅၆၅၆၆၈၊ ဒေါ်မြမြ၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၅၆၅၁၈၂ နှင့် ဦးတင်လှ(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၅၁၉၆၂၆၄ တို့ထံ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အောင်စကြာဆရာတော် ပြည်ပဓမ္မဒူတခရီးကြွ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ)သည် ထေရဝါဒဓမ္မဝိဟာရကျောင်းတိုက် တရုတ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့၏ ပင့်ဆောင်မှုဖြင့် တရုတ်တိုင်ပေသို့ ယနေ့ သာသနာပြု ဓမ္မဒူတခရီးကြွတော်မူရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တပည့်ဒါယကာ၊ ဒါယိကာမများ လိုက်ပါပို့ဆောင်ကြည်ညိုကြသည်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းနေ ဒေါ်ဆယ်(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ) ၇၈ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တန်ဖိုးငွေကျပ် ၂၆၄၈၇၀ ရှိ ဆေးများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးလှရွှေ လက်ခံယူစဉ်။ (က-ပ)

ရာမညနိကာယဝိနယာဓိက မွန်စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရာမညနိကာယ၏ (၄၂)ကြိမ်မြောက် ဝိနယာဓိက မွန်စာပြန်ပွဲကို ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀ ရက်(ပြာသိုလဆန်း ၁၁၊ ၁၂၊ ၁၃ ရက်)များတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် မွန်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ စာပြန်ပွဲ ဩဝါဒါစရိယဆရာတော်များ၊ ကြီးကြပ်ရေးနာယက ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များနှင့် စာပြန်ပွဲဝင် သံဃာတော်များ အပါး ၁၅၀ ကျော်တို့ဖြင့် ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများ ဖုန်း-၃၇၅၅၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဆိပ်ကြီးခနောင်တို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသမီးအလွတ်တန်း လွန်ဆွဲပြိုင်ပွဲ ကျင်းပရာ ဥက္ကဋ္ဌ ဒေါ်အေးရီနှင့်အဖွဲ့ဝင်များ အားပေးကြည့်ရှုကြစဉ်။ (မြို့နယ်ပြန်/ဆက်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၀

သထုံဂေါက်ကလပ်တွင် ဦးထွန်းကိုကိုအေးညွန့်သည် ဇန်နဝါရီ ၅ရက် ညနေ ၄နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ၁၆၅ကိုက်အကွာအဝေးရှိ ကျင်းနံပါတ်(၄)တွင် Mizuno Iron တုတ်ဖြင့် Titliest PRO V-1 ဂေါက်သီးကိုရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဗိုလ်မှူးချုပ်မြင့်စိုး၊ ဦးစိန်လင်း (ရွှေရည်လင်းရွှေဆိုင်)၊ ဦးဖိုးချို(စတိုးဆိုင်)နှင့် ဦးကျော်စိုး (Two Lakes Resort) တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (က-ပ)

ဇေယျာဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျာဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A) အရှင်မြတ်သည် မွေးရပ်ဇာတိဖြစ်သော ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျာဝတီမြို့ ဓမ္မာရုံကျောင်းတိုက်၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်၍ ဖုန်း-၀၉-၅၁၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

နှစ်စဉ် ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံ တပ်မတော် ကလေးများကျောင်း ယခု (အထက-၁၊ အထက-၅) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၅)မင်္ဂလာဒုံမြို့နယ် မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ညှိနှိုင်းဆွေးနွေးကြရန်၊ ငွေပဒေသာပင် စာရင်းရှင်းလင်းရန်နှင့် ပြန်လည်ဖွဲ့စည်းရန် ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၅) မင်္ဂလာဒုံမြို့နယ် မြတ်ရတနာခန်းမ၌ အစည်းအဝေး ကျင်းပမည်ဖြစ်သဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးအံ့ကူ ဖုန်း-၆၄၂၀၂၉၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၆၃၅၀၅၁၊ ဦးစိုးမြင့် ဖုန်း-၆၃၅၈၆၁ နှင့် ဦးမောင်မောင်ကြီး ဖုန်း-၆၃၅၀၇၅ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ဇန်နဝါရီ ၂ရက်က အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၈) တာမွေ၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲ၌ ပထမတန်းတွင် ပထမဆုနှင့် တစ်ကျောင်းလုံး တန်းပေါင်းချုပ် ပထမဆုရ မထက်နှင်းဝတ်ရည်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ယာဉ်၊ လမ်းစည်းကမ်းအသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ ဦးဆောင်မှုဖြင့် ကြက်ခြေနီနှင့် အရန်မီးသတ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း အမှတ်စဉ်(၃/၂၀၀၇)ကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၉ရက်မှ ၃၀ ရက်အထိဖွင့်လှစ်ခဲ့သည်။ သင်တန်းဆင်း ကြက်ခြေနီနှင့် အရန်မီးသတ်များသည် ယာဉ်ထိန်းတပ်ဖွဲ့နှင့် ပူးပေါင်း၍ ရန်ကုန်မြို့တွင်း လူကူးမြင်းကျား ရှိနေရာ၌ ခြေကျင်ခရီးသွား ပြည်သူများ စနစ်တကျ လမ်းဖြတ်ကူးနိုင်ရေးအတွက် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ နံနက်၈နာရီမှ ၁၁ နာရီအထိ အသိပညာပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် ၆/သံဒင်းရပ်ကွက်ရှိ အမက(၆)တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်ဆွေက သူငယ်တန်းမှ ဘာသာစုံထူးချွန်ဆုရ မောင်မင်းကောင်းခန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၀၈ ဖြင့် **ထပ်ဆင့်အကယ်ဒမီမြင့်မြင့်ခိုင်(စိမ်းဝါနီရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး)** ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာနအား **လူမှုထူးချွန်(တတိယဆင့်)**ကို ချီးမြှင့်ခြင်းခံရခြင်းအတွက် နိုင်ငံအကျိုး၊ လူမှုအကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ချစ်ခင်ပွန်းနှင့် ချစ်သမီးမှ ဆုတောင်း၍ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

ချစ်ခင်ပွန်း- Dr. သာဉာဏ်၊ အထွေထွေအတွင်းရေးမှူး၊ ရန်ကုန် (Y.M.C.A)
ချစ်သမီး - Augustina Nyan(ခ) ဖူးငုံအိခိုင်သာ

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၀၈ဖြင့် **ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခိုင် (စိမ်းဝါနီရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး)** ဒုတိယဥက္ကဋ္ဌ(၁) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာနအား **လူမှုထူးချွန် (တတိယဆင့်)**ကို ချီးမြှင့်ခြင်းခံရခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ညီမများ၊ မောင်လေးများ
တူ၊ တူမများ

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၈ ဖြင့် ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကဖြစ်သူ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်**ဒေါက်တာတင်ဝင်းမောင်** အား **စီမံထူးချွန်တံဆိပ်(ပထမဆင့်)** ချီးမြှင့်ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)

အမြန်ဝယ်လိုသည်

လျှပ်စစ်(ဂက်စ်) နှစ်မျိုး တွဲသုံးသော ကိတ်မုန့်ဖုတ်စက် ဝယ်လိုပါသည်။

ဆက်သွယ်ရန်ဖုန်း-၇၀၃၄၆၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လင်းကြည်၏ Passport No-772302 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါ။**ဖုန်း-၂၂၉၆၁၁၊ ၂၁၀၃၉၂၊ ၀၉ ၅၁၁၅၂၉၈**

ကျေးဇူးဆပ်ပါမည်

၉-၁-၂၀၀၈နေ့ ည ၇း၃၀နာရီခန့်တွင် လမ်းပေါ်၌ ယောကျ်ားကိုင် ပိုက်ဆံအိတ်အညိုတစ်လုံး ကျပျောက်သွားပါသည်။ ပိုက်ဆံအိတ်ပါ သော့နှင့် ကတ်များပြန်လည်ပေးပါလျှင် ပိုက်ဆံအိတ်ပါ တန်ဖိုးရှိပစ္စည်းများအပြင် ငွေသားသုံးသိန်း(ကျပ် ၃၀၀၀၀၀)အား ကျေးဇူးတင်စွာဖြင့် ချီးမြှင့်ပါမည်။
ပစ္စည်းပျောက်သည့်နေ့မှ ၃/၄ရက်အတွင်း ပြန်လည်ပေးနိုင်ပါက စုစုပေါင်း ငွေသားခြောက်သိန်း (ကျပ် ၆၀၀၀၀၀)ချီးမြှင့်ပါမည်။

ဆက်သွယ်ရန်ဖုန်း-
၀၉၅၁၅၀၁၂၄၊ ၅၀၃၂၂၇၊ ၀၉၅၁၈၁၉၂၈

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

Easy Zero Years Co.Ltd. နှင့် My Food Co.Ltd မှ MD ဦးကျော်ဇင်သိန်း၏ ဖခင်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ **ဦးမြသိန်း** ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ်-၂/၂၀၀၈ဖြင့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် "**လူမှုထူးချွန် ပထမဆင့်**" ချီးမြှင့်ခြင်းခံရသည့်အတွက် MD ဦးကျော်ဇင်သိန်း မိသားစုနှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံနှင့် သာသနာတော်အကျိုးများကို ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

EZY Co.Ltd. နှင့် My Food Co.Ltd **မှ ဝန်ထမ်းများ**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မိသားစုအပေါ် အမြဲစောင့်ရှောက်ပေးသောချစ်ခင်ပွန်း **ဦးထွန်းရှိန်(ယမုံဦး အထည်ဆိုင်နှင့် ဓမ္မစက္ကုတရားတိပ်ခွေ အခမဲ့ငှားရမ်းခြင်း)** အား ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး-ဒေါ်တင်မြ

ချစ်သား၊ သမီးများ - မယဉ်ကြည်
- မင်းသက်ထွန်း-မနီလာဖြိုး (မြင့်သီတာ စိန်ရွှေရတနာဆိုင်)
- ကိုသက်လွင်ဦး-မမြကေသွယ် (ကေခိုင်ထွန်း ပွဲထိုင်ဇာ)
- မင်းတင်ကိုကိုထွန်း

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၀၈ဖြင့် **"သုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်ကိုချီးမြှင့်အပ်နှင်းခြင်းခံရသော **ခန့်စည်သူ (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)**အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အနုပညာလုပ်ငန်းများကို တိုးတက်အောင်မြင်၍ (၇)ရက် သားသမီးပရိသတ်များကိုယ်စား နိုင်ငံအကျိုး၊ သာသနာတော် အကျိုးများကို ဆတက်ထမ်းပိုးတိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အကယ်ဒမီနန္ဒာလှိုင်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် "**ဦးဝင်းမောင် (မြဘုရင် နို့ချက်စက်ရုံ)**၊ ရဲစုရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း" အား "**သုဓမ္မမဏိဇောတဓရ**" ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးအိချွန်း-ဒေါ်ကျင်အေး မိသားစု၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ဦးစစ်ငွေ-ဒေါ်အင်ကြည် မိသားစု၊ ဆန်းသစ်မုန့်တိုက်၊ ထားဝယ်မြို့။
ဦးမြင့်သန်း-ဒေါ်မာမာဆွေ မိသားစု၊ ထောက်ကြန့်၊ ရန်ကုန်မြို့။

အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှုဘဝ မြင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် E-mail သင်တန်း အမှတ်စဉ် ၂/၂၀၀၈ကို ဖေဖော်ဝါရီ ၂ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး ၃၀သာလက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစား ပြိုင်ကွင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှနှစ် (၆၀) ပြည့်လွတ်လပ်ရေးနေ့တွင်အမိန့်အမှတ် (၁/၂၀၀၈)ဖြင့်**သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း**အား

"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်"

ချီးမြှင့်သည့်အတွက်အထူးပင်ဝမ်းသာဂုဏ်ယူဖြစ်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့်နိုင်ငံအကျိုး၊သာသနာတော်အကျိုးဆတက်ထမ်းပိုးတိုး၍ ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်လေးစားရပါသော

ဦးအောင်ခင် (ကမ္ဘာကျော်ဆောက်လုပ်ရေး)	ဦးအောင်လင်း (khit like Co.,Ltd)
ဦးအောင်ငွေး(အောင်သစ္စာ၊ အောင်သစ္စာဦးရွှေဆိုင်)	ဦးဝင်းအောင်နှင့်ဒေါ်ပိုင်ပိုင်မိုး
ဦးချစ်တင်(528.Container Transportation)	ဦးကိုကို(Fresh Co.,Ltd/ ROHS)
ဦးမောင်မောင်(ကိုမောင်မောင်နှင့်ညီများ စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး)	ဦးအောင်စိန်(New Light formen/ Natural light Co.,Ltd)
ကိုအောင်ထွန်းလင်း(Tun Electronic Co., Ltd)	ဦးရင်ထွေး+ဒေါ်သန္တာလှိုင်
ဦးရဲမြင့်စိုး(Golden One Star Co.,Ltd)	ဦးကျော်မိုး

ကျေးရွာရှင်ဖခင်ကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံရသော ဖခင်ကြီး **ဦးချစ်အေး** (မိသားစုစဉ့်အိုးဆိုင်၊ ဘုန်းကြီးလမ်း)အား မြတ်ဗုဒ္ဓသာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှိုက်လှဲလှဲ အထူးဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ချစ်သားသမီးများ

ဦးဇော်ဝင်းဦး CHIEF ENGINEER (EAST WIND) – ဒေါ်သန်းသန်းအေး

ဦးသက်ဦး (A1 စဉ့်အိုးလုပ်ငန်း) – ဒေါ်မာလာသင်း(ခ) မမိုး

ချစ်မြေးများ

မောင်မင်းသူ (ငုံးဥ) ပ-နှစ် ရူပဗေဒ

မောင်မြတ်ထွန်း (ချိုးဥ) GRADE 11K အထက-၁ (ဒဂုံ)

မောင်ဖြိုးဇော်ဝင်းဦး (ခါဥ) GRADE 11K အထက-၁ (ဒဂုံ)

မသဥ္ဇာနွယ် (စာဥ) GRADE 9G အထက-၁ (ဒဂုံ)

မောင်ကျော်လင်းသက် (ကြက်ဥ) GRADE 6F အထက-၁ (ဒဂုံ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၀၈ဖြင့် (ဦးမြင့်-ဒေါ်တင်မြ) တို့၏ သမီး "TOP TOP JEWELLERY" ပိုင်ရှင်"**သီရိသုဓမ္မသိင်္ဂီ ဆရာမကြီး ဒေါ်အေးအေးခန့်(ခ) ဒေါ်ခင်စန်းကြည်**"အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးသိန်းလှ-ဒေါ်ခင်စန်းရီ
ဦးစောဝင်း (တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်စန်းမြင့်
ဦးဇော်ဖေ (မောင်သွေးရင့်)-ဒေါ်ခင်အေးမူ
ဦးမောင်မောင်ဦး (သန်လျင်မောင်မောင်ဦး)-ဒေါ်ခင်ဝင်းဆင့်
ဦးသိန်းမြင့်
ဦးချစ်ဟန်ဝင်း-ဒေါ်ခင်သန်းမြင့်
ဦးကျော်စွာမြင့်သန်း-ဒေါ်သန္တာလွင်၊ သမီးထက်မျက်ခြယ်
ဒေါ်ခင်အေးမြင့်

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်-၂/၂၀၀၈ဖြင့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **ဒေါ်ယဉ်ယဉ်မြတ်** [ကျောင်းအုပ်ကြီး(ငြိမ်း)၊ ပညာရေးကောလိပ်၊မော်လမြိုင်မြို့] (အတွင်းရေးမှူး၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့)အား **စီမံထူးချွန်(တတိယဆင့်)** ချီးမြှင့်ခံရခြင်းအတွက် ရွှေကံ့ကော် မိသားစုမှ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်ပွန်း	– **ဦးကျော်မင်းအောင်** **ရွှေကံ့ကော်ဓာတ်မြေဩဇာ ရောင်းဝယ်ရေး**
သမီးကြီး	– **ကိုတင်ထွေး-Dr ချိုချိုမြတ်အောင်(ရန်ကုန်တက္ကသိုလ်)**
သမီးငယ်	– **(ဗိုလ်ခင်မောင်ကျော်)-မခိုင်ခိုင်မြတ်အောင်**
သားငယ်	– **ဗိုလ်ကြီး အောင်ချမ်းငြိမ်း-မဝါဝါဦး** **(Asia World Co.Ltd)**
ညီမ	– **ဦးထွန်းရွှေ-ဒေါ်ကြည်ကြည်မြတ်**
တူ၊တူမများနှင့်ချစ်မြေးများ	– **မောင်တင့်ကြည်၊ မောင်ထင်အောင်ကျော်၊** **မကောင်းမြိမ့်မြိမ့်သဲ၊ မယွန်းသနပ်ခါး၊** **မောင်အာကာသူရိန်**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ဖြင့် **ဒေါ်သန်းသန်းစိန်** အား "**သီရိသုဓမ္မသိင်္ဂီ**"ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက် အပ်ပါသည်။

အန်တီဝင်း
မြနန္ဒာရွှေဆိုင်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၀၈ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုအေး အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသားဂေါက်သီး လေ့ကျင့်ရေး(မြန်မာ) လီမိတက်၊ ရန်ကုန်တိုင်း"၊ "အထက (၂) ဗဟန်း၊ ကျောင်းအကျိုးတော်ဆောင်"** အား **"စီမံထူးချွန် ဒုတိယဆင့်"** ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့်
ကျောင်းသား၊ကျောင်းသူများ
ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း
အထက(၂)ဗဟန်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပုသိမ်မြို့၊အမှတ်(၃)မင်းရဲကျော်စွာလမ်းနေ ဆားလုပ်ငန်းပိုင်ရှင် ကျေးဇူးရှင် ဖေဖေ ဦးကျင်ဟန်အား နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ်၊၁/၂၀၀၈ဖြင့် သာသနာတော်ဆိုင်ရာ **'သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်'** ချီးမြှင့်အပ်နှင်းခြင်း ခံရပါသဖြင့် မိသားစု များမှ အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် သာသနာ အကျိုးကို ဆတက်ထမ်းပိုး (တိုး၍) တိုး၍သယ်ပိုး ဆောင်ရွက်နိုင်ပါစေ ကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး ဒေါ်ခင်မြင့် နှင့် ချစ်သားသမီးမြေးမြစ်များ

၁။ ဦးမြင့်စိုး (ဆားလုပ်ငန်း) ပုသိမ်မြို့
၂။ ဦးမြင့်ဇော် + ဒေါ်ခင်စန်း (ရွှေစိန်နီလာစတိုး)ပုသိမ်မြို့
၃။ ဦးမြင့်နိုင် + ဒေါ်မြင့်မြင့်ခင် (ဆားလုပ်ငန်း)ပုသိမ်မြို့
၄။ ဦးမြင့်လွင် + ဒေါ်မြင့်ရွှေ (ဆားလုပ်ငန်း)ပုသိမ်မြို့
၅။ ဦးစိုးလွင် + ဒေါ်မေသီတာအောင် (ကျင်မိသားစု ဆားစက်) မြောင်းမြမြို့
၆။ ဦးဇော်လင်း + ဒေါ်ခင်မိုး (ဆားလုပ်ငန်း) ပုသိမ်မြို့
၇။ ဦးစန်းလွင် + ဒေါ်နိုင်ဇင်ဦး (ဗစ်ထရီစတိုး) မြောင်းမြမြို့
၈။ ဦးကိုကိုနိုင် + ဒေါ်ခင်ညိုထွေး (ညိုညိုစတိုး) ပုသိမ်မြို့

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **ဒေါက်တာအောင်လွင်**(ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာ၊ အောင်မြတ်ဖြိုးအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ မြိတ်မြို့၊ တနင်္သာရီတိုင်း)အား **"သုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ဝင်း-ဒေါ်စန်းနု
မိသားစု (အောင်မြတ်သိန်းကုမ္ပဏီလီမိတက်)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် **ဒုတိယ ဥက္ကဋ္ဌ -ဦးမြသိန်း** ကို **" လူမှုထူးချွန်ပထမဆင့် "** ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၁/၂၀၀၈ ဖြင့် **ဦးသိန်းအောင်(ရွှေလမင်းပေါင်းနို့ဆီစက်ရုံ)၊ ရွှေပြည်ရန်လုံ့ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း** အား " **သုဓမ္မ မဏိဇောတဓရ** " ဘွဲ့တံဆိပ်ချီးမြှင့် ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးအောင်ရွှေ၊ ရွှေငွေးငွေးနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးစန်းယု၊ ထွန်းနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးစိန်မောင်သန်း၊ သန်းတရာနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးငွေးမောင်၊ စိန်သန်းငွေးနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၁/၂၀၀၈ ဖြင့် **ဦးဝင်းမောင်(မြဘုရင်နို့ချက်စက်ရုံ)၊ ရဲစုရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း** အား " **သုဓမ္မ မဏိဇောတဓရ** " ဘွဲ့တံဆိပ်ချီးမြှင့် ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးအောင်ရွှေ၊ ရွှေငွေးငွေးနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးစန်းယု၊ ထွန်းနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးစိန်မောင်သန်း၊ သန်းတရာနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။
ဦးငွေးမောင်၊ စိန်သန်းငွေးနှင့်ဆီမိသားစု၊ ကျောက်ဆည်မြို့။

သင်္ချာသန်းနိုင်

ဘာသာစုံ ဂုဏ်ထူးရှင်တို့၏ သင်ကြားမှု

- ■ အရည်အချင်းပြည့်ဝသောဆရာများ သင်ကြားသည်
- ■ စည်းကမ်းရှိ၍ လိမ္မာယဉ်ကျေးစေရမည်
- ■ ထူးချွန် ထက်မြက်စွာ အောင်မြင်စေရမည်

ကျောင်း ကြိုအပ်လက်ခံပြီ
- ကြိုအပ်မှ စိတ်ချရမည်
- မတ်လဆန်း စမည်
- ကျောင်းပြန် ကား(ferry) စီစဉ်ပေးသည်

▶ ၄၄ ၊ ဗိုလ်ရာညွန့်လမ်း(ဒဂုံ-၁ ဘေး)၊ ဒဂုံမြို့နယ်။ ဖုန်း- ၂၄၉ ၆၄၉၊ ၃၈၅ ၈၉၇
▶ ၁၇၀၊ ၃ထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၃၈၅ ၀၈၇

ကားရောင်းမည်

VOLKSWAGEN (1200)၊ (ဏ/-)၊ ဆေး Metallic, Alloy, CD, RPM, ဂါလန်(၆၀)၊ လိုင်စင်အသစ်။

Ph-661832, 095193198

ဈေးနှုန်းသက်သာစွာဖြင့် ခြံနှင့်အိမ်ရောင်းမည်

ရန်ကုန်မြို့အတွင်း မွန်းကျပ်နေသည့်ဘဝမှ ဘုရားရိပ်၊ တရားရိပ်၊ သစ်ရိပ်၊ ဝါးရိပ်ခိုလိုသူများအတွက် သန်လျင်ကျောက်တန်း လမ်းမပေါ်ရှိ ရေမီးအစုံ ပေ ၈၀ X ၁၂၀ ကျယ် ခြံနှင့် နှစ်ထပ်အိမ်တစ်လုံး၊ ပေ ၈၀ X ၁၂၀ ကျယ် ခြံနှင့် နှစ်ထပ်တိုက်ငယ်တို့ကို ရောင်းမည်။

စုံစမ်းရန်
ဖုန်း-၀၁-၅၃၅၃၈၆
(၉:၀၀ နာရီမှ ၅:၀၀ နာရီရုံးချိန်အတွင်း)

ရန်ကြီးအောင်

အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး

ရန်ကုန် - နေပြည်တော် - တောင်ကြီး

- ယာဉ်ပေါ်တွင် တပ်ဆင်ထားသော ဆက်သွယ်ရေးစနစ် (လူကြီးမင်း၏ ခရီးစဉ်အတွင်း ဆက်သွယ်မှု အဆင်ပြေစေရန်အတွက် GSM ဝန်ဆောင်မှု)
- ကျန်းမာရေးဆေးအိတ်ထားရှိပေးခြင်း၊
- အချိန်ပြည့် လေအေးပေးခြင်း၊
- သောက်ရေသန့်၊ တာဝါ၊ ခေါင်းအုံး၊ သွားတိုက်တံ၊ သွားတိုက်ဆေးများပေးဝေခြင်း၊
- မြို့တွင်းသို့ အခမဲ့ကြို-ပို့ပေးခြင်း၊
- အလယ်ခုံ(ကြားခုံ)နှစ်ခုံသာထားရှိခြင်း၊
- တန်ဆာပစ္စည်းများအား မြို့တွင်းအရောက်ပို့ဆောင်ခြင်း၊

(၁၀-၁-၂၀၀၈)နေ့မှစ၍ မှန်လုံယာဉ်အသစ်များဖြင့် ပြေးဆွဲပါမည်။

ဖုန်း ၀၁-၇၂၈၃၄၅ ၀၈၁ ၂၃၇၂၂
၀၁-၇၀၁၀၈၂ ၀၈၁ ၅၀၀၂၅
၀၁-၃၈၄၁၈၇ ၀၈၁ ၅၀၂၇၉
၀၁-၇၀၄၂၅၃

On Bus GSM - 09 5042390
09 5158221

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။Chief Account မ(၁)ဦး

B.Com, CPA (သို့မဟုတ်) LCCI Level(3) အောင်မြင်ပြီးသူဖြစ်ပြီး၊ အသက်(၃၀)နှစ်နှင့်အထက် ဖြစ်ရမည်၊ လုပ်သက် အနည်းဆုံး (၃)နှစ်ရှိရမည်၊ ကွန်ပျူတာ နားလည်တတ်ကျွမ်းပြီး (MIT Accounting System) Software ကို ကျွမ်းကျင်စွာ အသုံးပြုတတ်သူဖြစ်ရမည်၊

၂။Store Assistant မ(၂)ဦး

ဘွဲ့ရပြီး၊ စတိုလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်၊ ဆေးနှင့်ဆေးပစ္စည်း အရောင်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်၊

၃။Cashier မ(၂)ဦး

ဘွဲ့တစ်ခုခုရရှိပြီး၊ ကွန်ပျူတာအခြေခံရှိရမည်၊ Point of Sales (P.O.S) အတွေ့အကြုံရှိသူကိုဦးစားပေးမည်၊

၄။ဆေးဆိုင်အရောင်းဝန်ထမ်း (နေ့) ကျား/မ(၂)ဦး
(ည) ကျား (၂)ဦး

ဆေးဝါးအရောင်းအတွေ့အကြုံရှိရမည်၊ အသက် (၂၀-၃၅)နှစ်အတွင်း ဖြစ်ရမည်၊ ဘွဲ့ရသူကိုဦးစားပေးမည်၊

လုပ်ငန်းကို စိတ်ပါဝင်စားသူများသည် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ (၁၀)ရက်အတွင်း ရိုက်ထားသော ဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း ပေးပို့လျှောက်ထားနိုင်ပါသည်၊

AA Pharmacy

အမှတ် ၁၄၂/၁၄၆၊ မြေညီထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဦးအောင်အောင်

B.A Econ; MPA ; D.A (UK);Dip in Stats; DMAc

L.C.C.I Level I+II;III & Business Statistics

(ဇန်နဝါရီ ၁၀ရက်၊ ၁၁ရက်၊ ၁၂ရက်) နေ့စမည်။

အမှတ် (၃၇၈)၊ ဒုတိယထပ် (ဘယ်)၊ မဟာဗန္ဓုလလမ်း၊ ၃၇နှင့်၃၈ကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၁၀ ၃၀၀၂၊ ၀၁- ၃၉၁၀၃၀

ကျေးဇူးဆပ်ပါမည်

ရန်ကင်းမြို့နယ်၊ ပါရမီ၊ မဥ္ဇူလမ်း အိမ်အမှတ် ၂၀(ယ)တွင် မွေးမြူထားသော အယ်လ်ဖေးရှင်းခွေး (Alsation)တစ်ကောင်နှင့် အနက်ရောင်ဂျပန်လမ်းပြခွေး (Ladbrador)တစ်ကောင် ၈-၁-၂၀၀၈ ည ၈နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

၀၉-၅၀၁ ၀၈၃၉၊ ၀၉ ၅၀၀ ၅၇၄၁၊ ၀၁ ၆၆၅၀၄၁

ယနေ့ခေတ်တွင် စီးပွားရေးနှင့်ပတ်သက်သူတိုင်း သိထားရမည် ...

အရင်းအနှီးဈေးကွက်နှင့် စတော့ရှယ်ယာ

ဦးဝင့်ကျော်

ထွက်ပြီ

အလင်းသစ်စာပေ (ထွန်းဦး၊ နဂါးစာပေ(မန္တလေး))

ဖုန်း - ၂၀၂၅၂၂၊ လိုင်းခွဲ - ၂၄၄၊ ၀၉-၅၁၁-၀၀၀၄

သူရဿတီ မဂ္ဂဇင်း

(၂၀၀၈)ခု ဖေဖော်ဝါရီလ ထွက်ပြီ

နောင်တော်ကြီး မြသာလျောင်း ပုဂံမြို့ဟောင်းတစ်နေရာမှ နှစ်ထပ်စေတီများ။ ဝေပုလ္လာရာမဆရာတော်ဘုရားကြီး ဟောကြားသောအနေကဗာတင်ခြင်းနှင့် စပ်လျဉ်းသောသိမှတ်ဖွယ်ရာများ။ ပိစိတောင်ဘုရား ဓာတ်ပွယ်သုစ်ရသေစေတီတော်ရှင်ဆင်းတုတော်၊ အောင်မြေအောင်ရပ် မြတ်သောဌာနရှိ ကြီးငါးကြီးမှ ကြည်ညိုဖွယ်မင်းကွန်းပုထိုးတော်ကြီး။ မဏိဇောတပဏ္ဍမြားရတနာဂူထာတော်၊ ထူးထူးဆန်းဆန်းအံ့ဩဖွယ်ရာ လာဘ်လာဘပွင့်လင်းအဖွဲ့ရာယ်ကင်းသည့် မဟာသစ်ကွင်း၊ သမ္မဒွေဂါထာတော်အစွမ်း အင်္ဂလန်ရောက် ကင်းဝန်မင်းကြီးနှင့် နက္ခတ္တဗေဒမဟာသုတ၊ ယထာဘူတဆရာကြီးကွန်း နိုင်လီယံ၏လက်သုံးတော်စား၊ အိပ်မက်ထဲကဆေးတစ်ခွက်၊ ကိုယ်ပျောက်ပိဋကဉ်လေလာ။ ဘာသာရေးမဟုတ်သော ရှုမှတ်နည်းတစ်မျိုး၊ တဆိုးသူ့ကျွတ်ချိန်တန်သည့်နတ်မြေမောင်နှံ၊ စောင်းတော်ရှင်ပျော်သည့်ပွဲ၊ ဆဌမအာရုံတတိယမျက်လုံး၊ အချိန်မီရောက်လာတဲ့ဝိညာဉ်၊ ဘတိုက်ပုံနှင့်နွားသိုးများ၊ ပြည်ရွှေဘို့မှအပြန် လာကွယ်ညသန်းခေါင်ယံ၊ ဆေးဖက်ဝင်ကျောက်ဖရုံခါး လေထိုးလေအောင့်အတွက်မာတ်စာဆေး၊ ဝမ်းထဲအပူအပုပ်အောင်းသြဇာရွက်ပေါင်းစား၊ မေလဖွား(ဂု)ဂဏန်းသမားများ၊ အရပ်ရှစ်မျက်နှာ အိမ်မြွောင်စုတ်ထိုးနိမိတ်များ၊ ပုဒ်မ(၃၀၂)နှင့်လကျာဘာပညာအမြင်၊ ဒဏ်ခံပင်စိုက်ယာတြာ၊ ရမ္မာဝတီကျွန်းမှ ပဟေဠိမြို့ပြများ၊ မဟာဘုတ်နှင့်အဆောင်ကျောက် - -

မြန်မာ့ရေး ပညာရှေ့တောင် ၀၁- ၂၄၀၆၃၀ မန္တလေး ထွန်းဦးစာပေ နဂါးစာပေ

TOTAL Learning Academy

Join our New **GCE 'O'** ***Classes Today!***

- English
- Chemistry
- Mathematics -A
- Biology
- Mathematics -B
- Human Biology
- Physics
- Accounting

Contact us today for a free consultation!

Kamayut
280 U Wisara Road
☎ : 524599 / 501976

Pazundaung
95 Anawrahta Rd. (Corner of 52nd St.)
☎ : 296552 / 293754

Sanchaung
336 Pyay Road
☎ : 526456

Bahan
F-7 1st Floor Pearl Condo
☎ : 545957 / 557448 (849)

☆ Scientific Learning ☆ Pre-School ☆ WISE (Weekend classes) ☆ IELTS Classes ☆ SEED (Mon-Fri Afternoon classes)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဝန်ကြီး ဦးအောင်ကြည် ဝန်ထမ်းများနှင့် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များအား တွေ့ဆုံ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နှင့် မုံရွာမြို့များရှိ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ၊ လူမှုဖူလုံရေးဆေးပေးခန်းများ၊ မန္တလေးစက်မှုဇုန်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် အလုပ်သမားဆေးရုံကြီးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဆက်ဆံမှု တိုးတက်ကောင်းမွန်ရေး၊ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အလားတူ ဝန်ကြီးသည် မုံရွာမြို့ ကမ်းနားပတ်လမ်းရှိ မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး လုပ်သားများနားနေရန် အပန်းဖြေရိပ်သာဆောက်လုပ်မည့် မြေနေရာနှင့် လုပ်သားများ၏ လုပ်ငန်းခွင်ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များရှိ အစည်းအဝေးခန်းမတို့၌ မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ လုပ်ငန်းရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာစေရေး၊ အလုပ်သမားကျွမ်းကျင်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မန္တလေး စက်မှုဇုန်တွင် စက်ရုံ လုပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။
(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ထူးခြားသည့် ညအပူချိန်များ

၁၀-၁-၂၀၀၈

လှိုင်လင်
(-၂) ဒီဂရီစင်တီဂရိတ်

နမ့်စန်၊ ပင်လောင်း၊ ဟဲဟိုး
(၂) ဒီဂရီစင်တီဂရိတ်စီ

ဟားခါး၊ မိုးကုတ်
(၄) ဒီဂရီစင်တီဂရိတ်စီ

၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် မောင်မြန်မာ(အကြီးတန်း)၊ မောင်မြန်မာ (အငယ်တန်း)နှင့် မယ်မြန်မာ(အလွတ်တန်း) ပြိုင်ပွဲများပါဝင်ပြီး မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား